# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ် (ဓမ္မပဒ - ၂၀၃)

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၀၈၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## တာချီလိတ်ကုန်သွယ်ရေးစခန်း ဒေါ်လာ ၁၀ ဒသမ ၃၃၆ သန်း ဆောင်ရွက်နိုင်

တာချီလိတ် ဒီဇင်ဘာ ၂၇

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဒီဇင်ဘာလ ၁ ရက်မှ ၂၆ ရက်အထိ) ပို့ကုန် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၃၄ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၀၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၃၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး ၅၈ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၃၂ သန်း၊ ကြက်သွန်ဖြူ ၂၉ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၈၁ သန်း၊ လိမ္မော်သီး ၁၃ ဒသမ ၂ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၂ သန်း၊ ပလတ်စတစ်ဖြတ်စ ၁၀ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၄ သန်းနှင့် *စာမျက်နှာ ၄ ကော်လံ ၁* ❂

ယနေ့ *ဖတ်စရာ*

ရန်ကုန် - မန္တလေး ရထားခရီးစဉ်တွင် ရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထား ပြည်တွင်းသတင်း စာ ၃

.......................................

လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းရမည့် နိုင်ငံရေးခရီး ဆောင်းပါး စာ ၁၀

မြန်မာ့အလင်း

# အကျိုးစီးပွားများစွာဆောင်ကြဉ်းလာမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း

မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းဖြစ်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော်နိုင်ရေးအတွက် နောက်ဆက်တွဲစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် လူနေအိမ်ရာစီမံကိန်းဟူ၍ စီမံကိန်းသုံးရပ် ပေါင်းစပ်ပါဝင်လျက်ရှိရာ ရေနက်စီမံကိန်းကို ဦးစွာအကောင်အထည်ဖော်ခြင်းဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အစိတ်အပိုင်းတစ်ရပ် စတင်ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားစွာဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူဖြစ်စေမည့် စီမံကိန်းကြီးတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နောက်ဆက်တွဲစာချုပ်ရေးထိုးသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံစလုံးအတွက် အပြန်အလှန်အကျိုးပြုရေး၊ တရုတ် - မြန်မာနှင့် အခြားနိုင်ငံများ၏ ကုန်သွယ်ရေးတို့တွင် အရေးပါသကဲ့သို့ပင် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေပိုမိုတိုးတက်လာရေး၊ ပိုမို၍ ကောင်းမွန်သောလူနေမှုဘဝများ ရရှိလာရေးတို့အတွက်လည်း မျှော်လင့်ချက်ဖြစ်နေသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "PPP" ("People၊ Prosperity၊ Planet") ဖြစ်သော ပြည်သူလူထုအကျိုးစီးပွားမြှင့်တင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းစသည့် အခြေခံမူကြီးသုံးချက်အပေါ်မှာမူတည်ပြီး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်နေချိန်တွင် မြန်မာ-တရုတ်နှစ်ဖက်လုံးသည် ကျောက်ဖြူဒေသခံများ၏ လူနေမှုဘဝများ တိုးတက်မြှင့်တင်ပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။ ကျောက်ဖြူဒေသတွင် ကျေးလက်ရန်ပုံငွေစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ ရွှေ့လျားဆေးခန်းစီမံကိန်း၊ ဒီရေတောစိုက်ပျိုးခြင်းစီမံကိန်း အစရှိသည့် လူမှုအကျိုးပြုစီမံကိန်း ၁၀ ခုကျော် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြပြီး အဆိုပါစီမံကိန်းများမှ ဒေသခံထောင်ပေါင်းများစွာ အကျိုးခံစားခဲ့ရကြောင်းလည်း ဖော်ပြထားသည်။ စီမံကိန်းကုမ္ပဏီသည် စီမံကိန်းတည်ဆောက်ရေးအဆင့်၏ ပထမငါးနှစ်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်း၊ လည်ပတ်ရေးအဆင့်တွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးသိန်း ထည့်ဝင်ပြီး ဒေသခံတို့၏ လိုအပ်ချက်များနှင့်ကိုက်ညီ၍ ဒေသခံအဝန်းအဝိုင်း၏ ညီညွတ်မှုတစ္စာ ပါဝင်သော လူမှုအကျိုးပြု CSR လုပ်ငန်းများကို အကျိုးသက်ဆိုင်သူများ၏ ထင်မြင်ယူဆချက်၊ အကြံပြုချက်များနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်သွားမည်ဟု သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်မှုနှင့်အတူ စက်မှုဥယျာဉ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းများ အကောင်အထည်ပေါ်လာသည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း သောင်းနှင့်ချီ၍ ရရှိလာမည်ဖြစ်ပြီး စီမံခန့်ခွဲမှုဆိုင်ရာ နေရာအများစုတွင်လည်း မြန်မာနိုင်ငံသားအများစုကို ခန့်အပ်လုပ်ကိုင်စေမည်ဖြစ်ရာ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ကြရေး ဖြည့်ဆည်းကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားတစ်ဦးချင်းစီ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးမြှင့်တင်ရေးတို့အတွက် အထူးအရေးပါပြီး မြန်မာ - တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာစေမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကြီးအား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုအပ်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## ကျောက်ဆည်မြို့၌ လေးမြို့နယ် ရွှေကျင်နိကာယ ဝိနည်းစာမေးပွဲ အကြိမ်(၁၀၀)ပြည့် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့နှင့် မြစ်သားမြို့ လေးမြို့နယ် ရွှေကျင်နိကာယ ဝိနည်းစာမေးပွဲအကြိမ်(၁၀၀) ပြည့် အခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျောက်ဆည်မြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ဘုရားကြီးနှင့် ရွှေကျင်နိကာယဗဟိုဌာန ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဆရာတော်ကြီးများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးနှင့် မြစ်သားလေးမြို့နယ် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ကြီးများ ကြွရောက်တော်မူကြမည်ဖြစ်သည်။

လေးမြို့နယ် ရွှေကျင်နိကာယဝိနည်းစာမေးပွဲ အကြိမ်(၁၀၀) ပြည့် အခမ်းအနားကို ကျောက်ဆည်မြို့နယ် သံဃနာယကရွှေကျင်အဖွဲ့က ဦးဆောင်၍ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နေ့ပိုင်းတွင် ဝိနည်းစာပြန်ပွဲများ၊ ညပိုင်းတွင် တရားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရွှေကျင်နိကာယ ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေသွားမည်ဖြစ်သောကြောင့် စာမူများလည်း ပေးပို့နိုင်ကြောင်း၊ ပေးပို့လိုသည့် စာမူများကို ၂၀၂၄ ခုနှစ် မတ်လ ၃၀ ရက်နောက်ဆုံးထား၍ ဆရာတော် ဦးပဏ္ဍိတ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ လိပ်မူ၍လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လိပ်မူ၍လည်းကောင်း ပေးပို့နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉၂၀၁၂၀၂၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နတ်မောက်မြို့၌ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နတ်မောက် ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ဒေသခံပြည်သူများ အားကစား ပြုလုပ်ပေးခြင်းဖြင့် ရွှင်လန်းသောစိတ်၊ ထက်မြက်သော ဦးနှောက်များ ပိုင်ဆိုင်နိုင်ပြီး အချင်းချင်း ပူးပေါင်း၍ အားကစားစိတ်ဓာတ်မြင့်မားလာစေရန် ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှေ့၌ အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများမှာ စစ်တုရင်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ် စသည့်ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်မှ လာမည့်နှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

လှဝင်း

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် Naypyitaw State Academy ရှိ ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ထို့နောက် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြော ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် မြန်မာစာ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဇော်ဝင်းက (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောမည့် ဆရာမကြီး၏ ကိုယ်ရေးအကျဉ်းကို မိတ်ဆက်ပြီး ပညာရေးဝန်ကြီးဌာန တိုင်းရင်းသားဘာသာစကား ဦးစီးဌာန၊ မြန်မာစာအဖွဲ့(အချိန်ပြည့်)အဖွဲ့ဝင် ဆရာမကြီး ဒေါက်တာခင်ဆွေမြင့်က လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးနှင့် မြန်မာနိုင်ငံတော် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ပါမောက္ခ(ဌာနမှူး)များက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်က ဆရာမကြီး ဒေါက်တာခင်ဆွေမြင့်အား ဟောပြောပွဲ အမှတ်တရလက်ဆောင် ပေးအပ်ကာ ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

❒ *ရွှေဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda တို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများ၊ အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်မြဝတီမြို့အနီး၌ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ၊ တပ်မတော်နှစ်ရပ်အကြား လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ လူသားချင်း စာနာထောက်ထားမှုနှင့် အကူအညီပေးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**“ နယ်စပ်ကုန်သွယ်မှုများ လုံခြုံချောမွေ့အဆင်ပြေစေရေးအတွက် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ၊ တပ်မတော်နှစ်ရပ်အကြား လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး ”**

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်၊ ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန် – မန္တလေး ရထားခရီးစဉ်တွင် ရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်–မန္တလေး ရထားခရီးစဉ်တွင် ရထားတစ်စင်းတည်းဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

“လောလောဆယ် ကျွန်တော်တို့ ရန်ကုန်–မန္တလေး ရထားက တစ်စင်းပဲပြေးမှာ။ အမှတ်(၅) အဆန်ရထား နံနက် ၅ နာရီထွက်မယ်။ ကျန်တဲ့ရထားတွေ လောလောဆယ်ဖျက်သိမ်းထားတယ်”ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်–မန္တလေး အမှတ်(၅)အဆန် ရထားမှာ ရန်ကုန်မှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာကာ မန္တလေးသို့ ညပိုင်း ၁၀ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထိုရထားမှာ မန္တလေး–ရန်ကုန်မှ အမှတ်(၆) အစုန်ရထားအဖြစ် မန္တလေးမှ နံနက် ၅ နာရီတွင် စတင်ထွက်ခွာကာ ရန်ကုန်သို့ ည ၁၀ နာရီခွဲ ဆိုက်ရောက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

“ညနေရထားက နံနက် ၅ နာရီမှာ ပြေးမှာ။ တစ်စင်းတည်းရှိတယ်။ ရန်ကုန်–မန္တလေးရထားလမ်းမှာ ကျန်တဲ့ရထားခရီးစဉ်တွေ ဘယ်အချိန် ပြန်ဆွဲမလဲ ကျွန်တော်တို့မှန်းလို့မရသေးဘူး ”ဟု တာဝန်ရှိသူက ဆိုသည်။

အဆန်ခရီးစဉ်တွင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာတို့တွင်သာ ရပ်တန့်ပေးမည်ဖြစ်ကြောင်းလည်း မြန်မာ့မီးရထားမှ သိရသည်။

**သစ်တော်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၅/ ၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

## ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာစနစ်တကျအသုံးချ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် နိုဝင်ဘာ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေဘဏ္ဍာရေး စည်းမျဉ်း ပြင်ဆင်ချက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ပြင်ဆင်သည့် ဘဏ္ဍာရေးစည်းမျဉ်းအရ "ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီသည် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ ခြောက်လလျှင် တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်"ဟု ဖော်ပြထားသဖြင့် ကော်မတီ၏ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးခြင်းဖြင့် တွေ့ရှိရသည့် အားသာချက်၊ အားနည်းချက်များ၊ ရရှိသည့် အကျိုးကျေးဇူးများနှင့် သုံးသပ်တင်ပြချက်များကို ဖော်ပြလျက် တင်ပြခဲ့ပါကြောင်း။

**Online စနစ်ဖြင့် ပို့ချသွားမည်**

ထုတ်ပြန်ထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းတွင် ဖော်ပြထားသည့် ငွေစာရင်းထိန်းသိမ်းထားရှိရမည့် စာရင်းဇယားပုံစံများကို စနစ်တကျမှတ်တမ်းထားရှိနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများရှိ သက်ဆိုင်ရာ တာဝန်ခံများကို Online စနစ်ဖြင့် သင်တန်းနှစ်ရက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါကြောင်း။

၂၀၂၃ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)၏ သဘောတူ ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်းမှ ငွေကျပ် ဘီလီယံ ၁၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေသို့ လွှဲပြောင်းထည့်ဝင်ခဲ့ပြီး၊ ယင်းငွေကို ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း ဆောင်ရွက်ရန်အတွက် အရင်းမပျောက် မတည်ငွေအဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် လွှဲပြောင်းပေးခဲ့ကြောင်း။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် ယခင်က ငွေကျပ် ၄၅၂ ဘီလီယံရှိပြီး ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ ထပ်မံထည့်ဝင်ခဲ့သည့် ငွေကျပ်ဘီလီယံ ၁၀၀ အပါအဝင် စုစုပေါင်း ရန်ပုံငွေမှာ ငွေကျပ် ၅၅၂ ဘီလီယံရှိပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို လုပ်ထုံးလုပ်နည်းများ နှင့်အညီ ထုတ်ချေးခြင်းနှင့် ပြန်လည် ကောက်ခံခြင်းများကို ကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ယခု အစည်းအဝေးတွင် ချေးငွေ ရယူထားသူများအနက် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် နွားမွေးမြူရေးလုပ်ငန်းနှင့် ငါးမွေးမြူရေး လုပ်ငန်းတို့တွင် ပျက်စီးဆုံးရှုံးမှုများအပေါ် ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာမှုအပေါ်တွင်လည်း ရန်ပုံငွေဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့် အညီ ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်းချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေ ထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးထားမှု၊ ဆောင်းသီးနှံချေးငွေ အချိန်မီထုတ်ချေးနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသည့် အားသာချက်၊ အားနည်းချက်များ၊ အကြံပြုတင်ပြချက်များကို အခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ချေးငွေထုတ်ချေးရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေးနှင့် ပြန်လည်သုံးသပ်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက အွန်လိုင်းမှ ရွှေအရောင်းအဝယ်ပြုလုပ်နိုင်ရေး Software စဆွဲနေပြီဟုဆို

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက အွန်လိုင်းမှ ရွှေအရောင်းအဝယ် ပြုလုပ်နိုင်ရန်အတွက် Software ရေးဆွဲသည့်လုပ်ငန်း စတင်နေပြီဖြစ်ကြောင်း YGEA အသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"အွန်လိုင်းကနေ ရွှေအရောင်းအဝယ် ပြုလုပ်ဖို့ လောလောဆယ်တော့ မဖြစ်သေးပါဘူး။ အခုမှ အစီအစဉ်စဆွဲတုန်းပဲ ရှိသေးတယ်။ အခုကတော့ ဘဏ်တွေနဲ့ညှိပြီး Software စဆွဲနေတာ ရှိပါတယ်။ ခွင့်ပြုချက်တော့ တောင်းရဦးမယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် အသင်းဝင် ၆၀၀ ကျော်ရှိပြီး အသင်းဝင်များအနေဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် ရွှေထုတ်၊ ငွေထုတ် သယ်ယူစရာ မလိုအပ်ဘဲ ဘဏ်မှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး ပြဿနာမရှိ လုံခြုံစိတ်ချရကြောင်းလည်း ဦးမျိုးမြင့်က ပြောကြားသည်။

"သိန်း ၂၀၀ ကျော်ရင် ဘဏ်ကနေ ဖြတ်ရမယ်ဆိုတဲ့ ဗဟိုဘဏ်ဥပဒေရှိတယ်။ အဲဒါနဲ့ အကျုံးဝင်သွားတာပေါ့။ ရွှေရောင်းတဲ့အခါ ဘဏ်ကနေ သွားရတော့ ဘာမှပြဿနာမရှိတော့ဘူး" ဟု ပြောကြားသည်။

အွန်လိုင်းမှ အရောင်းအဝယ်ပြုလုပ်ရန် ဗဟိုဘဏ်အတည်ပြုချက်ရရှိပါက အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**MT**

## သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၇**



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အ.ထ.က စဉ့်ကိုင် သဇင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကြည်ဇော်ထိုက်က သဘာဝဘေးအန္တရာယ်အကြောင်းကို ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်တွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

❂ *ရွှေ့ဖုံးမှ*

စက္ကူဖြတ်စ တန် ၃၀ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၃ သန်း စုစုပေါင်း ဒေါ်လာ ၀ ဒသမ ၁၂၂ သန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ဓာတ်ဆီ ဒေါ်လာ ၀ ဒသမ ၀၆၅ သန်း၊ ဒီဇယ် ဒေါ်လာ ၀ ဒသမ ၂၆၅ သန်း၊ မီးခံအုတ် ဒေါ်လာ ၀ ဒသမ ၀၄၀ သန်း၊ ကွန်ကရစ်အမိုးပြား ဒေါ်လာ ၀ ဒသမ ၀၁၄ သန်း၊ ဘိလပ်မြေမျက်နှာကြက်ပြား ဒေါ်လာ ၀ ဒသမ ၀၂၄ သန်း၊ ကားတာယာ ဒေါ်လာ ၀ ဒသမ ၀၀၃ သန်းနှင့် ဘိလပ်မြေ ဒေါ်လာ ၀ ဒသမ ၀၂၅ သန်း အပါအဝင် ဒေါ်လာ ၀ ဒသမ ၅၁၄ သန်း တင်သွင်းနိုင်ခဲ့သည်။ ငွေလဲနှုန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်တွင် ကျပ်တစ်သိန်းလျှင် ၁၀၀၅ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**DOCA**

စာအုပ်စာပေ လူ့မိတ်ဆွေ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့ အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုး ကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ - ဦးချမ်းသာ

## ဒုတိယဝန်ကြီး ဦးမြင့်စိုး(မြင့်စိုး - နတလ)က ပြန်ကြားရေးဝန်ကြီးဌာနရှိ ခရိုင်၊ မြို့နယ်စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး (မြင့်စိုး-နတလ) က ပြန်ကြားရေးဝန်ကြီးဌာနရှိ ခရိုင်၊ မြို့နယ် စာကြည့်တိုက်များအတွက် ၎င်းကိုယ်တိုင် ရေးသားပြုစုခဲ့သည့် စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက မိုခါမုန်တိုင်းနှင့် ပတ်သက်၍ ဆောင်းပါးများ ရေးသားဖြစ်ခဲ့ပုံနှင့် ရေးသားစဉ်ဖြစ်ပေါ်သည့် ခံစားချက်များ၊ အချက်အလက်များ စုဆောင်းခဲ့မှု၊ ဆောင်းပါးများ စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေချိန်တွင်လည်း အခမဲ့ဖြန့်ဝေပေးနေမှုနှင့် စာအုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း ပြောကြားသည်။

**စာအုပ် ၁၀၀ ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်ထံသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ""မိုခါ" မုန်တိုင်း ဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ" စာအုပ်၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးရဲတင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာအုပ်များ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာအုပ်များကို မြို့နယ်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုစေမည်ဖြစ်ကြောင်း၊ ဦးမြင့်စိုးအနေဖြင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ ကိုယ်တိုင်ရောက်ရှိပြီး ဌာနအသီးသီးမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ ပြည်သူများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အသေးစိတ် အချက်အလက်များ စုဆောင်းပြီး ရေးသားပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဌာနအသီးသီး၏ ဆောင်ရွက်ခဲ့မှုများလည်း မှတ်တမ်းတင်ပြီးသားဖြစ်သွားသည့်အတွက် အလွန်တန်ဖိုးရှိသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။




သတင်းစဉ်

## ရှားပါး ငါးလောက်ငါး တစ်ပိသာ ငွေကျပ် ၇၀၀၀၀ ခန့်အထိ ဈေးကောင်းရကာ ဘားအံဈေးအတွင်း စတင်ရောင်းချနေ

ဘားအံ ဒီဇင်ဘာ ၂၇

ရှားပါး ငါးလောက်ငါးကို တစ်ပိသာလျှင် ငွေကျပ် ၇၀၀၀၀ ခန့်အထိ ဈေးကောင်းရကာ စတင်ရောင်းချနေပြီဖြစ်ကြောင်း ဘားအံမြို့မဈေး သားငါးဈေးရုံမှ သိရသည်။

"ငါးလောက်လေးတွေကို ဘားအံဈေးထဲ စတင်ရောင်းချနေပါပြီ။ အခု ငါးလောက်တစ်ပိသာကို ငွေကျပ် ၇၀၀၀၀ ခန့် ဈေးပေါက်ပြီး ရှားပါးပြီး ဈေးအလွန်ကြီးပါတယ်"ဟု ဘားအံမြို့မဈေး သားငါးဈေးရုံမှ ငါးလောက်ငါးရောင်းချသူတစ်ဦးထံမှ သိရသည်။ ယခုရက်ပိုင်း၌ ဘားအံဒေသတွင် အအေးပိုလာကာ ညနေပိုင်းများ၌ တိမ်များကွက်ကျားဖြစ်လာသဖြင့် ငါးလောက်ငါးများ ဆန်တက်သည့်အချိန်ဖြစ်ကြောင်း သိရသည်။

"ငါးလောက်ငါးလေးတွေ ထုံအိုင်ရွာလွန်ပြီး ဘားအံမြို့ကနေ ရေမိုင် ခုနစ်မိုင်လောက်အကွာ ဝင်းကျန်ရွာအထိရောက်နေပြီ။ မကြာခင်ရက်ပိုင်းမှာပဲ ငါးလောက်ငါးလေးတွေ ဘားအံကို ဖြတ်ပြီးဆက်လက်ဆန်တက်ပါဦးမယ်။ ငါးလောက်ငါးတွေ ဘားအံကို ဖြတ်ချိန် ထောင်ဝိတောင်အစွန်မှာ လူအတော်များများ လှေနဲ့ ခပ်ယူကြတာပါ"ဟု တံငါသည်တစ်ဦးက ပြောသည်။



အဆိုပါငါးမှာ တစ်နှစ်တွင် တစ်လ တစ်လတွင် ၁၀ ရက်တည်းသာ ရရှိသည့် ငါးတစ်မျိုးဖြစ်ကြောင်းနှင့် ငါးကျောက်ကပ်၊ ငါးလောက်၊ ငါးသိန်းတုတ်ဟု ခေါ်လေ့ရှိပြီး အရွယ်အစားမှာလည်း သေးငယ်ကြောင်း တံငါသည်များက ဆိုသည်။ **သစ်တော်**

## နယ်လှည့်ဆေးကုသရေးအဖွဲ့က ရွှေတောင်ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

ရွှေတောင် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာ ရွှေတောင်ဘိုးဘွားရိပ်သာတွင် ယနေ့ နံနက်ပိုင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) အမှတ်(၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) နယ်လှည့်ဆေးကုသရေးအဖွဲ့က ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ဆန်းဌေးမောင်နှင့်ဇနီး၊ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)ရှိ အရာရှိ၊ စစ်သည်များ၊ အထူးကုသမားတော်များ၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ပြီး ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို ကြည့်ရှုအားပေးကာ **(အပေါ်ယာပုံ)**



ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဆန်းဌေးမောင်နှင့် မိသားစုက အလှူငွေကျပ် ၂၈၅၀၀၀၊ ကြက်ဥ၊ အချိုရည်၊ နို့မှုန့်ထုပ်နှင့် ဘီစကွတ်မုန့်ထုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက ဘိုးဘွားများ နေ့လယ်စာ ငွေကျပ် ၇၀၀၀၀ နှင့် ငွေပဒေသာပင် ငွေကျပ် ၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးသက်အောင်က ဘိုးဘွားများအတွက် အလှူငွေကျပ် ၂၂၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကိုမင်း

(ပြန်/ဆက်)

# ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တိုးတက်ဆောင်ရွက်ရာတွင် "PPP"("People ၊ Prosperity ၊ Planet") ဖြစ်သော ပြည်သူလူထုအကျိုးစီးပွားမြှင့်တင်မှု၊ ချမ်းသာကြွယ်ဝမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း စသည့်အခြေခံမူကြီး ၃ ချက်အပေါ်တွင်မူတည်ပြီး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်

## စီမံကိန်းကြီးပြီးရင် ကျွန်တော်တို့နိုင်ငံက ကုန်စည်တွေရော၊ ကျွန်တော်တို့နိုင်ငံကို ဖြတ်သန်းသွားမယ့် ကုန်စည်တွေရော အာဖရိက နိုင်ငံတွေ၊ တောင်အာရှနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေကို တိုက်ရိုက်တင်ပို့နိုင်မှာဖြစ်

**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး**

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပခဲ့သည်။ လက်မှတ်ရေးထိုးခြင်း အခမ်းအနားအပြီးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်းနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ - တရုတ် ပူးပေါင်း၍ ဖက်စပ်ဖွဲ့စည်းထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက် (စီမံကိန်းကုမ္ပဏီ) တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ချုပ်ဆိုခဲ့ပါကြောင်း။

### မြန်မာနိုင်ငံဘက်မှ စတင်အဆိုပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စာချုပ်ပါအချက်အလက် အချို့အား မြန်မာ - တရုတ် နှစ်ဖက်လုံး၏ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကိုပို၍ ရှင်းလင်းအောင်သတ်မှတ်နိုင်ရန် လိုအပ်သဖြင့် လည်းကောင်း၊ ယခင်လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) အပေါ် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သဖြင့် လည်းကောင်း နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ယင်းစာချုပ်ကို ဖြည့်စွက်ချုပ်ဆိုသည့် ကိစ္စကို မြန်မာနိုင်ငံဘက်မှ စတင်အဆိုပြု၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ညှိနှိုင်းဆွေးနွေးချက်များ အရ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက်၏ တရားဝင်ကိုယ်စားလှယ်တို့အကြား နောက်ဆက်တွဲစာချုပ် (Addendum) အား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို ဆောလျင်စွာ စတင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤစီမံကိန်းသည် ကျောက်ဖြူဒေသ အပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

### မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်း

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် အကြီးစားအခြေခံ အဆောက်အအုံ တိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းတွင် မြန်မာဘက်မှ အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ဘက်မှ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း ဆိပ်ခံတံတားပေါင်း ၁၀ ခု ပါဝင်ပါကြောင်း၊ အဆိုပါစီမံကိန်း ပြီးစီးပါက တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ၇,၀၀၀,၀၀၀ လက်ခံနိုင်ရန် လျာထားပြီး စီမံကိန်း ပြီးစီးအောင်မြင်ပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာ အဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းသည် အာရှ၊ အာဖရိကနှင့် ဥရောပတိုက်ကြီးများနှင့် ဆက်သွယ်မည့် ကုန်သွယ်မှု အချက်အချာနေရာ တစ်ခုဖြစ်လာနိုင်ပြီး ကမ္ဘာသို့ တံခါးပေါက်ကြီး (Gateway) အသွင်ဖြင့် မြန်မာနိုင်ငံနှင့်ဒေသတွင်း၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ - တရုတ် နှစ်ဖက်လုံးသည် စီမံကိန်းဆိုင်ရာ ကနဦးလုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ်မှ စတင်ကာ ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ကနဦးပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှုလုပ်ငန်း (PGTS) နှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်ခြင်း လုပ်ငန်း (ESIA) တို့ကို လုပ်ဆောင်ခဲ့ရုံသာမက ကမ္ဘာပေါ်၌ နာမည်ကျော်ကြားသော ကနေဒါနိုင်ငံ အခြေစိုက် စီမံကိန်း စီမံခန့်ခွဲမှုကုမ္ပဏီ HATCH ကို စီမံကိန်း အတိုင်ပင်ခံအဖြစ် ခန့်အပ်ထားပြီး ၎င်း၏ အကူအညီဖြင့် ကန်ထရိုက်တာများ ရွေးချယ်ခြင်းနှင့် စီမံကိန်းဒီဇိုင်းဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုတွင် ကနဦး ပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှု လုပ်ငန်း (PGTS) ကို ပြီးစီးပြီဖြစ်ရာ သက်ဆိုင်သည့် ပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ နည်းပညာ အစီရင်ခံစာများသည် စီမံကိန်းနောက်ဆက်တွဲ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (ESIA) သည် စီမံကိန်း၏ အနာဂတ် တည်ဆောက်မှုနှင့် လည်ပတ်မှုလုပ်ငန်းစဉ်တို့ကြောင့် ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာပြီး အကဲဖြတ်ရန်နှင့် ဆိုးကျိုးသက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျော့ပါးသက်သာစေရန် အစီအမံများ ချမှတ်ရေးအတွက် ရည်ရွယ်ပါကြောင်း။

စီမံကိန်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအား တင်းတင်းကျပ်ကျပ် လိုက်နာပြီး နိုင်ငံတကာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြင့် ပြည်တွင်း အတွေ့အကြုံနှင့် နိုင်ငံတကာအမြင်များ ပြည့်ဝသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (ESIA) အတိုင်ပင်ခံကုမ္ပဏီကို ခန့်အပ်ထားခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်း (ESIA) အတိုင်ပင်ခံကုမ္ပဏီသည် ရေနက်ဆိပ်ကမ်းစီမံကိန်းဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအခြေအနေများကို သိရှိနားလည်နိုင်စေရန် လေ့လာဆန်းစစ်ခြင်းနှင့် အများပြည်သူပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ် (public participation activities) များကို ဆက်တိုက်လုပ်ဆောင်ခဲ့ပါကြောင်း။

### အတည်ပြုချက်ရရှိထားပြီးဖြစ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို မှတ်တမ်းတင်ရယူခဲ့ကြပါကြောင်း၊ ယခုတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (ESIA) သည်လည်း စီမံကိန်း၏ နယ်ပယ် အတိုင်းအတာသတ်မှတ်ခြင်းအဆင့် လုပ်ငန်းများအား ပြီးစီးပြီဖြစ်၍ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Report) သည် *စာမျက်နှာ ၇ သို့*

- **ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာ - တရုတ် ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် အကြီးစားအခြေခံအဆောက်အအုံ တိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်**
- **အဆိုပါစီမံကိန်းတွင် မြန်မာဘက်မှ အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ဘက်မှ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်း ပါဝင်**
- **ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းဆိပ်ခံတံတားပေါင်း ၁၀ ခု ပါဝင်**
- **အဆိုပါစီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ၇,၀၀၀,၀၀၀ လက်ခံနိုင်ရန်လျာထားပြီး စီမံကိန်းပြီးစီးအောင်မြင်ပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည်**

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်အား ရရှိထားပြီးဖြစ်ပါကြောင်း။

ESIA ၏ နောက်ဆက်တွဲလုပ်ငန်းများကို မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများနှင့် နိုင်ငံတကာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို စိမ်းလန်း၍ ခေတ်မီသော ဆိပ်ကမ်းတစ်ခု ဖြစ်လာစေရေးအတွက်ရည်ရွယ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း တိုးတက်ဆောင်ရွက်ရာတွင် "PPP"("People၊ Prosperity၊ Planet ") ဖြစ်သော ပြည်သူလူထု အကျိုးစီးပွား မြှင့်တင်မှု၊ ချမ်းသာကြွယ်ဝမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း စသည့် အခြေခံမူကြီး ၃ ချက်အပေါ်တွင် မူတည်ပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်နေချိန်တွင် မြန်မာ – တရုတ် နှစ်ဖက်စလုံးသည် ကျောက်ဖြူဒေသခံများ၏ လူနေမှုဘဝများ တိုးတက်မြှင့်တင်ပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်ဖြူဒေသ၌ ကျေးလက်ရန်ပုံငွေစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ၊ ရွှေ့လျားဆေးခန်းစီမံကိန်း၊ ဒီရေတောစိုက်ပျိုးခြင်းစီမံကိန်း အစရှိသည့် လူမှုအကျိုးပြုစီမံကိန်း ၁၀ ခု ကျော်ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြပြီး အဆိုပါစီမံကိန်းများမှ ဒေသခံပြည်သူထောင်ပေါင်းများစွာ အကျိုးခံစားခဲ့ရပါကြောင်း။

**မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ခေါ်**

စီမံကိန်း၏ အနာဂတ်တည်ဆောက်ရေးနှင့် လည်ပတ်ရေးအဆင့်များတွင်လည်း ပြည်တွင်းပြည်ပ လူမှုအကျိုးပြု မိတ်ဖက်အဖွဲ့အစည်းများကို ဆက်လက်၍ ဖိတ်ခေါ်လက်တွဲကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ခြင်းစသည့် ပြည်သူများလိုအပ်နေသော နယ်ပယ်များတွင် အားထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းကုမ္ပဏီအနေဖြင့် စီမံကိန်းတည်ဆောက်ရေး အဆင့်၏ ပထမ ငါးနှစ်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀၊ လည်ပတ်ရေးအဆင့်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန် ဒေါ်လာ ၅၀၀,၀၀၀ ကို ထည့်ဝင်ပြီး CSR နှင့် လူမှုအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လူမှုအကျိုးပြု CSR လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဒေသခံ အဝန်းအဝိုင်း၏ ညီညွတ်မျှတစွာ ပါဝင်မှုကို ဖိတ်ခေါ်လိုပြီး အကျိုးသက်ဆိုင်သူများ၏ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များကိုလည်း သေချာစွာ နားထောင်သွားမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်မှုနှင့်အတူ စက်မှုဥယျာဉ် စီမံကိန်းကိုပါ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကာ စီမံခန့်ခွဲမှုဆိုင်ရာ နေရာအများစုကို မြန်မာနိုင်ငံသားများအား ခန့်အပ်လုပ်ကိုင်စေမည်ဖြစ်ပါကြောင်း။

**တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်သွားမည်**

မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာသန်းပေါင်းများစွာဖြင့် ဆွဲဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များပြားသော အခွန်ငွေများ ဖန်တီးပေးကာ ပတ်ဝန်းကျင်ရှိ upstream နှင့် downstream လုပ်ငန်းများကို မြှင့်တင်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံ တစ်ပြည်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီ GDP ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံရခိုင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် မြန်မာနိုင်ငံမှ လုပ်ငန်းအတွေ့အကြုံများရှိပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်၍ စီမံကိန်းကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်းစတင်အကောင်အထည်ဖော်နိုင်မည့် အခြေအနေကို သိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက " စီမံကိန်းက အပိုင်း ၁၊ ၂၊ ၃၊ ၄ ဆိုပြီး အပိုင်း လေးပိုင်း ပါဝင်ပါတယ်။ အပိုင်း လေးပိုင်းမှာ သင်္ဘောတွေ ဆိုက်ကပ်နိုင်မယ့် ဆိပ်ခံတံတား ၁၀ ခုပါဝင်တဲ့ စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းပြီးသွားရင် တစ်နှစ်ကို ပေ ၂၀ ကွန်တိန်နာ အလုံးရေ ခုနစ်သန်းခန့် လက်ခံနိုင်မယ့် စီမံကိန်းဖြစ်ပါတယ်။ အဓိကက စီမံကိန်းကြီးပြီးရင် ကျွန်တော်တို့နိုင်ငံက ကုန်စည်တွေရော၊ ကျွန်တော်တို့နိုင်ငံကို ဖြတ်သန်းသွားမယ့် ကုန်စည်တွေရော အာဖရိကနိုင်ငံတွေ၊ တောင်အာရှနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေကို တိုက်ရိုက်တင်ပို့နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်ရိုက်မတင်ပို့နိုင်ဘဲ ဘာကိုပဲ ပို့ချင်ပို့ချင် စင်ကာပူနဲ့ မလေးရှားကနေတစ်ဆင့် ပို့နေရပါတယ်။ စီမံကိန်းပြီးသွားရင် တိုက်ရိုက်တင်ပို့နိုင်တဲ့ အခွင့်အလမ်း ရရှိသွားမှာ ဖြစ်ပါတယ်။

"စီမံကိန်းစတင်နိုင်ဖို့ ပြီးစီးသွားတဲ့ လုပ်ငန်းစဉ်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆန်းစစ်ချက်၊ လူမှုအကျိုးစီးပွား ဆန်းစစ်ချက်နဲ့ ပတ်သက်ပြီး ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပထဝီမြေမျက်နှာသွင်ပြင် တိုင်းတာတဲ့ လုပ်ငန်းကတော့ အားလုံးပြီးသွားပါပြီ။ ဒီလိုပြီးစီးသွားတဲ့အတွက် ဆက်စပ်တဲ့ လိုအပ်တဲ့ ဒီဇိုင်းတွေဆွဲမယ်။ ဒါတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းစတင်အကောင်အထည်ဖော်ဖို့အတွက် ရင်းနှီးမတည်ငွေထည့်တဲ့ လုပ်ငန်းစဉ်ကို ဆက်ပြီးလုပ်ဖို့ရှိတယ်။ ဒါတွေပြီးသွားရင် စီမံကိန်းကြီးစတင်ဖို့ လိုအပ်တဲ့ အခြေခံအဆောက်အဦ လုပ်ငန်းတွေ ဆက်လုပ်မယ်။ ဒါတွေ အားလုံးပြီးရင်တော့ စီမံကိန်းကို စတင်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းမြန်မြန် စတင်နိုင်ဖို့အတွက် နှစ်ဖက်စလုံးက ပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ကျောက်ဖြူဒေသခံတွေက စီမံကိန်းကို မြန်မြန်စစေချင်တဲ့ဆန္ဒရှိ**

ယင်းနောက် ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် ဒေသခံပြည်သူများ၏ အမြင် သဘောထားများကို သိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက "ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူတွေရဲ့အမြင်ကိုပြောရမယ်ဆိုရင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အနေနဲ့ တာဝန်ယူရတာဖြစ်တဲ့အတွက် ကျောက်ဖြူဒေသခံတွေက စီမံကိန်းကို မြန်မြန်စစေချင်တဲ့ ဆန္ဒရှိကြပါတယ်။ ကျောက်ဖြူမှာရှိတဲ့ ဒေသခံ မြို့မိ၊ မြို့ဖတွေထဲက တချို့သော ပုဂ္ဂိုလ်တွေနဲ့ ကျောက်ဖြူမြို့မှာရှိတဲ့ ဒေသခံတွေထဲက အရင်တုန်းက တာဝန်ကြီးကြီးမားမား ထမ်းဆောင်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေက ကျွန်တော့်ကို လာရောက်တွေ့ဆုံပြီး စီမံကိန်း မြန်မြန်စတင်နိုင်ဖို့ တောင်းဆိုကြတာ ရှိပါတယ်။ ဒေသခံပြည်သူတွေက ကျောက်ဖြူစီမံကိန်းနဲ့ ပတ်သက်ရင် လိုလိုလားလားရှိတယ်။ စီမံကိန်းကို မြန်မြန်စတင်နိုင်ဖို့ တိုက်တွန်းတောင်းဆိုတာတွေရှိကြောင်း ပြောလိုပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက် ဒါရိုက်တာ Mr.Liang Chuanxin က "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုမိုအပြုသဘောဆောင်တဲ့ သက်ရောက်မှုတွေကို ပိုမိုဖန်တီးဖို့နဲ့ အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေကို လျှော့ချဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကုမ္ပဏီက မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို အတိအကျလိုက်နာပြီး ပြည်တွင်းအတွေ့အကြုံနဲ့ နိုင်ငံတကာအမြင်တွေ ပြည့်ဝတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုတွေကို ဆန်းစစ်ဖို့ လုပ်ငန်းအတိုင်ပင်ခံ ကုမ္ပဏီကို ခန့်အပ်ထားပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းပြီး ရေရှည်တည်တံ့ခိုင်မြဲဖို့၊ ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ အောင်မြင်ဖို့အတွက် အခိုင်မာဆုံး အခြေခံအုတ်မြစ်ချမှတ်ပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**နိုင်ငံတကာကို တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ပင်လယ်ဆိပ်ကမ်းတစ်ခု**

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် နိုင်ငံပိုင် ကုမ္ပဏီမည်မျှ ပါဝင်ဆောင်ရွက်သွားနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက "အဓိက နံပါတ် (၁) ရမယ့် အကျိုးကျေးဇူးကတော့ ကျွန်တော်တို့နိုင်ငံက နိုင်ငံတကာကို တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ပင်လယ်ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ ရမယ်။ နံပါတ် (၂) က ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေက စီမံခန့်ခွဲမှု အပါအဝင် နေရာများစွာမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်လာမယ်။ နံပါတ် (၃) က မြန်မာနိုင်ငံကို ဖြတ်သန်းပြီး တရုတ်နိုင်ငံနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက အခွန်အကောက်တွေ များစွာရရှိမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ စက်မှုဇုန်စီမံကိန်းလည်း ပါလာတာဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို များစွာ တိုးတက်ဆွဲဆောင်မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ စီမံကိန်းကြီးတစ်ခုလုံးက မြန်မာနိုင်ငံ တစ်ခုလုံးနဲ့ နိုင်ငံသားတွေအတွက်ပါ လူမှုအကျိုးစီးပွား ဖြစ်ထွန်းမှုများစွာ အထောက်အကူပြုစေမယ့် ရလဒ်တွေရမယ်ဆိုတာ ပြောလိုပါတယ်။

**အရည်အချင်းကိုက်ညီတဲ့ ကုမ္ပဏီတွေ ထုတ်ပြန်သွားမှာဖြစ်**

လတ်တလောအားဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီတွေကို ဘယ်လိုဖိတ်ခေါ်မလဲဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေမပါဝင်တဲ့၊ မြန်မာနိုင်ငံသားထူထောင်ထားတဲ့ကုမ္ပဏီတွေနဲ့ ရခိုင်တိုင်းရင်းသားတွေပါဝင်တဲ့ ကုမ္ပဏီတွေကို ဦးစားပေးထားတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလကစပြီး သတင်းစာမှာ ကြေညာပြီး စတင်ဖိတ်ခေါ်ခဲ့တယ်။ အခု လျှောက်လွှာတွေကို လက်ခံနေပါတယ်။ လျှောက်လွှာတွေနောက်ဆုံးတင်ရမယ့်ရက်က ဒီဇင်ဘာ ၂၉ ရက်နေ့ဖြစ်တယ်။ လျှောက်လွှာတွေတင်ပြီးတဲ့အခါ ကုမ္ပဏီ ဘယ်နှခုပါမယ်ဆိုတာ သိရမှာဖြစ်ပါတယ်။ အခုကတော့ လျှောက်လွှာဝယ်ပြီးတင်တဲ့ ကုမ္ပဏီတွေက တင်နေပါတယ်။ တချို့လည်း တင်ဖို့ပြင်ဆင်ကြဆဲပဲ ဖြစ်ပါတယ်။ ဇန်နဝါရီလနောက်ပိုင်းကျရင် အရည်အချင်းကိုက်ညီတဲ့ မြန်မာနိုင်ငံသားကုမ္ပဏီတွေ ဘယ်နှခုပါတယ်ဆိုတာ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းက ဆိပ်ကမ်းတစ်ခုတည်းနဲ့ ပြီးပါသလား၊ လမ်းပန်းဆက်သွယ်ရေးအတွက်ရော ပါပါသလား၊ ဒီအပေါ်မှာရော ဘာတွေပြင်ဆင်ထားပါသလဲ၊ စီမံကိန်းလျာထားတဲ့ ၂၀၃၀ပြည့်နှစ်မှာ စီမံကိန်း ဘယ်လောက်ရာခိုင်နှုန်းအထိ ပြီးစီးမလဲဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက "စီမံကိန်းနဲ့ပတ်သက်လာရင် တစ်ဆက်တည်းမှာ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံကို အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ အရင်အစိုးရလက်ထက်တွေကတည်းက သဘောတူထားခဲ့တာ ဖြစ်ပါတယ်။ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံက တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ မန္တလေး၊ ကျောက်ဖြူကို အမြန်ရထားလမ်း ဖောက်ဖို့ ရှိပါတယ်။ ဒီရထားလမ်းသည် ကျောက်ဖြူရေနက် စီမံကိန်းနဲ့ ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းက အပိုင်းလေးပိုင်းနဲ့လုပ်မှာ ဖြစ်ပါတယ်။ အပိုင်းလေးပိုင်းက အရင်အစိုးရလက်ထက်ကတည်းက လက်မှတ်ထိုးတဲ့ အထဲမှာ ပါပြီးသားဖြစ်ပါတယ်။ အပိုင်းလေးပိုင်းထဲကမှ အပိုင်းတစ်ကို စပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပိုင်းတစ်ပြီးမှ အပိုင်းနှစ်၊ သုံး၊ လေးတို့ကို သတ်မှတ်ထားတဲ့ အချိန်ကို ရောက်ပြီဆိုမှ တစ်ဆင့်ချင်းတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ဟိန်းမင်းစိုး**

**" သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုမိုအပြုသဘောဆောင်တဲ့ သက်ရောက်မှုတွေကို ပိုမိုဖန်တီးဖို့နဲ့ အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေကို လျှော့ချဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကုမ္ပဏီက မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို အတိအကျလိုက်နာပြီး ပြည်တွင်းအတွေ့အကြုံနဲ့ နိုင်ငံတကာအမြင်တွေပြည့်ဝတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုတွေကိုဆန်းစစ်ဖို့ လုပ်ငန်းအတိုင်ပင်ခံ ကုမ္ပဏီကို ခန့်အပ်ထားပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းပြီး ရေရှည်တည်တံ့ခိုင်မြဲဖို့၊ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်ဖို့အတွက် အခိုင်မာဆုံး အခြေခံအုတ်မြစ်ချမှတ်ပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်"**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ (၂၉) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ (၂၉) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့မှ သင်ကြားစီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ဘွဲ့ခံယူကြသည့် သာသနာ့အာဇာနည်တို့သည် ပရိယတ် ပဋိပတ်တရားများကို နှစ်ရှည်လများ ကြိုးစားအားထုတ် သင်ယူခဲ့ကြပြီးဖြစ်၍ သာသနာတော်အတွက် များစွာ အထောက်အပံ့ပြုနိုင်သော အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အားလျော်စွာ “ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနု ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ” ဟူ၍ ဘုရားရှင် ဝိနည်းမဟာဝါပါဠိတော်၌ ညွှန်ပြတော်မူသော သာသနာပြုနည်းနှင့်အညီ မိမိတို့ သာသနာပြုကြရာ၌ အများသူငါ သတ္တဝါတို့ အကျိုးစီးပွားချမ်းသာများရရှိကြစေရန် မိမိတို့တတ်သိနားလည်ထားသည်ကို ပိုမိုတတ်သိနားလည်အောင် လေ့လာသင်ယူကြပြီး အခြားပုဂ္ဂိုလ်များကိုလည်း တတ်သိနားလည်အောင် ဟောပြောပြသ ဆိုဆုံးမကြရန်နှင့် မိမိတို့ကိုယ်တိုင် သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်များအဖြစ် ပြည်တွင်း/ပြည်ပ နှစ်ဌာနတို့၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူကြပါရန်ဖြင့် သာရဏီယဩဝါဒကထာမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက “ယနေ့ အပ်နှင်းလိုက်သည့် ဘွဲ့တံဆိပ်များသည် စာတွေ့ပိုင်း အနေဖြင့် တစ်စိတ်တစ်ဒေသ ပြီးဆုံးပြီဟု အဓိပ္ပာယ်သက်ရောက်သော်လည်း လက်တွေ့ပိုင်းအနေဖြင့် ယခုအချိန်မှသာ စတင်မည်ဖြစ်ပြီး မိမိတို့ ကျင်လည်ကူးခပ်နေသည့် နယ်ပယ်တွင် ဝမ်းစာပြည့်နေရန် အထူးလိုအပ်လှကြောင်း၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများ ပြုလုပ်ကြရန် တိုက်တွန်းလိုကြောင်း” သမ္မောဒနီယဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက်နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က ဘွဲ့တံဆိပ်တော် ခံယူကြမည့် သာသနတက္ကသီလ ဓမ္မပါရဂူ (Ph.D) ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၁၀ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၂၈ ပါးတို့၏ ဘွဲ့တော်များကို ကြေညာ၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်က သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ခံယူမည့်ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ခံယူမည့် ရဟန်းတော်များအား တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ် ဆရာတော်များထံ ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဆရာတော်ကြီး ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြု ကတိသစ္စာ ခံယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အမှူးပြုသော ပင့်သံဃာ ၄၉ ပါး၊ ဘွဲ့ခံရဟန်း ၃၉ ပါး၊ စုစုပေါင်း ၈၈ ပါးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**



ယနေ့ (၂၉) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ ဓမ္မပါရဂူ (Ph.D) ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၁၀ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၂၈ ပါး စုစုပေါင်းဘွဲ့ရ အရှင်မြတ် ၃၉ ပါး ဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များမှ (၂၉) ကြိမ်မြောက်အထိ ဘွဲ့ခံယူကြသည့် ရဟန်းတော် စုစုပေါင်း ၃၁၉၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မလှိုင်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**မလှိုင် ဒီဇင်ဘာ ၂၇**

မလှိုင်မြို့နယ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ကျောင်းဆောင်သစ်နှင့် Hundred School Foundation က လှူဒါန်းသော ကျောင်းဆောင်သစ်နှစ်ဆောင် ဖွင့်ပွဲအခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထမ္ဗကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေဖြိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်ဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးဘိုဘိုဟန်တို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရည်ချွန်ရရှိသည့် ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။

ယနေ့ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်နှစ်ဆောင်မှာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ၈၈ ဒသမ ၂၀၀ သန်းဖြင့် တည်ဆောက်ခဲ့သည့် အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ၊ RCC တစ်ထပ်ကျောင်း ဆောင်သစ်နှင့် Hundred School Foundationမှ လှူဒါန်းသော အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ RCC တစ် ထပ်ကျောင်း ဆောင်သစ်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

## ဘားအံမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာပြိုင်ပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကိုယနေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါပြိုင်ပွဲများတွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းမှ ကျောင်းသားကျောင်းသူများက လွတ်လပ်ရေးနှင့် အမျိုးသားရေး တာဝန်၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် စုစုပေါင်း ၄၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများကို လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာရင်းကောက်အဖွဲ့ပေါင်း ၂၈၀၅ ဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကောက်ယူမည်





**နေပြည်တော် ဒီဇင်ဘာ ၂၇** မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ ယမန်နေ့ ညနေ ၄ နာရီက မုံရွာမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးချင်းတွင်းခန်းမ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာရင်းကောက်အဖွဲ့ပေါင်း ၂၈၀၅ ဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ရာတွင် e-ID Software ဖြင့် ထုတ်ယူထားသည့်အိမ်ထောင်စုစာရင်းဖြင့် ကောက်ယူမှု ၃ ဒသမ ၂ သိန်းကျော်၊ အလွတ်ပုံစံဖြင့် ကောက်ယူမှု ငါးသောင်းကျော် စုစုပေါင်း ၃ ဒသမ ၇ သိန်းကျော် ကောက်ယူပြီးစီးခဲ့ပါကြောင်း၊ မကောက်ယူနိုင်သည့် အိမ်ထောင်စု ၁၀ သိန်းကျော် ကျန်နေသည်ကို တွေ့ရှိရပါကြောင်း၊ အချို့ဒေသများတွင် နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် တတ်နိုင်သမျှ ပြီးစီးအောင် ကောက်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ဌာနမှ တာဝန်ယူ၍ နိုင်ငံအတွင်း နေထိုင်သူအားလုံးကို ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူကာ e-ID Database အတွင်း သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ် သတ်မှတ်ထုတ်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ်ကိုလည်း ပန်းခင်းစီမံချက်နှင့်အတူ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားအသစ် လျှောက်ထားသူများပါ e-ID စနစ်ဖြင့် တစ်ပါတည်း Biographic/ Biometric ကောက်ယူခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကောက်ယူမည်ဖြစ်ရာ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ပြီးခဲ့သည့် အောက်တိုဘာလ အတွင်းက စမ်းသပ် သန်းခေါင်စာရင်းကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ကွက်များ ရွေးချယ်သတ်မှတ်ကောက်ယူခဲ့ပြီး ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မုံရွာမြို့နယ်အတွင်း ကောက်ကွက် ၁၀ ကွက် ရွေးချယ်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယင်းစမ်းသပ်ကောက်ယူမှုအတွေ့အကြုံများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကိုလည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစသည့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ အောင်မြင်စွာ ကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်း တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပန်းခင်းစီမံချက် အဆင့် (၁/၂) ဆောင်ရွက်ပြီးစီးမှုနှင့် ပန်းခင်းစီမံချက် အဆင့် (၃) အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကော်မတီများအလိုက် လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသူများက နယ်မြေဒေသအလိုက် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူမှုနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် စီစဉ်ထားရှိမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ပင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ တက်ရောက်၊ လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်းများ ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးနေမှု ကြည့်ရှု၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇** နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီက ကြီးမှူး၍ နေပြည်တော် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနှင့် နေပြည်တော် လူငယ်ရေးရာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အားကစား လေ့ကျင့်ရေးစခန်း(၂)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဝင်များ၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့ ဖွင့်လှစ်သည့် သင်တန်းသည် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ အသက် (၁၅) နှစ်မှ (၃၅) နှစ်အောက် လူငယ်များကို နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီက ကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာရပ်များကို သင်ကြားပေးမည့် သင်တန်းဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်ကြသည့် လူငယ်များအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် အတတ်ပညာများကို အမှန်တကယ်တတ်မြောက်ပြီး ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်စီးပွားရေးတို့ဖြင့် အရည်သွေး ပြည့်မီသည့် ကုန်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးနိုင်သည့်အဆင့်ထိ ရောက်ရှိအောင် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)



**အမှာစကားပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

**သင်ကြားပို့ချ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး သင်တန်းတွင် သင်ကြားမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ် တွင် အငြိမ်းစားပင်စင်လစာ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများအား လယ်ဝေးမြို့နယ် (ခုတင်-၁၀၀) ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များက ကျန်းမာရေး အခမဲ့စောင့်ရှောက်ပေးနေမှုနှင့် အငြိမ်းစားပင်စင်လစာ ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီမှ ထောက်ပံ့သည့် ဆန်နှင့် ကြက်ဥများကို အငြိမ်းစားဝန်ထမ်း တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ကာ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများ သတ်မှတ် ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇** - နေပြည်တော်နှင့် ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းရမည့် နိုင်ငံရေးခရီး

မောင်ရွှေရိုး

**နိဒါန်း**

မြန်မာနိုင်ငံသည် နိုင်ငံရေးစနစ်အမျိုးမျိုးကို ဖြတ်သန်းရင်း ပါလီမန်လွှတ်တော်များအတွင်း နိုင်ငံရေးသဘောထားကွဲလွဲမှုများမှ လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရပါသည်။ မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ခါးသီးသော ပြည်တွင်းစစ်နှင့်အတူ ယနေ့အချိန်ထိ နိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှုရရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ နိုင်ငံရေး တည်ငြိမ်ရင့်ကျက်နိုင်ရန်အတွက် နိုင်ငံရေးပါတီများ တောင့်တင်းခိုင်မာဖို့ လိုအပ်ပါသည်။ ပါတီမူဝါဒ လမ်းစဉ်ကောင်းကောင်းဖြင့် လူတော်လူကောင်းများကို လေ့ကျင့်တည်ဆောက်ကာ မြန်မာ့နိုင်ငံရေးကို ထိန်းကျောင်းပဲ့ကိုင်နိုင်ဖို့ လိုအပ်ပါသည်။ ထိုနိုင်ငံရေးပဲ့ကိုင်ရှင်များသည် နိုင်ငံရေးသမား လွှတ်တော်ကိုယ်စားလှယ်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ၁၉၅၈ ခုနှစ်အထိ ကာလတွင် ဖဆပလအဖွဲ့က ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့များက အုပ်ချုပ်ခဲ့သဖြင့် ထိုကာလကို ဖဆပလခေတ်ဟု ခေါ်ဆိုခဲ့သည်။ လွတ်လပ်ရေးရပြီးစအချိန်တွင် ဖဆပလအဖွဲ့သည် အင်အားကောင်းခဲ့သော်လည်း နောက်ပိုင်း၌ ခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၈ ခုနှစ် မေလတွင် ဦးနုနှင့် သခင်တင်တို့ ဦးဆောင်သည့် သန့်ရှင်းဖဆပလနှင့် ဦးကျော်ငြိမ်းနှင့် ဦးဘဆွေတို့ ဦးဆောင်သည့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လတွင် ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း တည်မြဲဖဆပလအဖွဲ့က ပါလီမန်အထူးအစည်းအဝေးကျင်းပပြီး အဆိုတင်သွင်း၍ မဲခွဲရာ ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၁၂၇ မဲဖြင့် သန့်ရှင်းဖဆပလက အနိုင်ရခဲ့သည်။ အနိုင်ရရှိခြင်းမှာ ရခိုင်အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် ပြည်သူ့အမျိုးသားညီညွတ်ရေးတပ်ဦး အပါအဝင် ပမညတတို့ကို အပေးအယူပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ဖဆပလအဖွဲ့ကြီး အကွဲအပြဲကြောင့် ရောင်စုံသောင်းကျန်းသူများ၏ တိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးလိုက်လျောမှုအနေဖြင့် တောခိုသူတိုင်းအား လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေနှင့် လက်နက်ချအဖွဲ့အစည်းများအား တရားဝင်ထူထောင်ခွင့်ပေးသည့်အမိန့်ကို ၁၉၅၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုက နိုင်ငံတော်၏ အခြေအနေအရပ်ရပ် ယိမ်းယိုင်လာခြင်းကြောင့် ၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို ၁၉၅၉ ခုနှစ် ဧပြီလသို့ ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ပြီး ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားမှုပြန်လည်ရရှိရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် အိမ်စောင့်အစိုးရထံ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့သည်။

အိမ်စောင့်အစိုးရသည် အာဏာလွှဲပြောင်းယူစဉ်က ပါလီမန်ရွေးကောက်ပွဲများ ခြောက်လအတွင်း ကျင်းပနိုင်လိမ့်မည်ဟု မျှော်မှန်းခဲ့သော်လည်း လက်တွေ့တာဝန်ဝတ္တရားများ ထမ်းဆောင်ရသည့် အခါ ခြောက်လအတွင်း ရွေးကောက်ပွဲကျင်းပပေးရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၆ ကို လွှတ်တော်ကပြင်ဆင်ပေးပြီး သက်တမ်းတိုးမြှင့် တာဝန်ထမ်းဆောင်စေခဲ့သည်။ အိမ်စောင့်အစိုးရသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း၊ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင်လည်းကောင်း ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲ အနိုင်ရသော သန့်ရှင်းဖဆပလအဖွဲ့အား နိုင်ငံတော်အာဏာ လွှဲပြောင်းပေးအပ်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် အိမ်စောင့်အစိုးရက နိုင်ငံတော်အာဏာ အပ်နှင်းခဲ့သော သန့်ရှင်းဖဆပလ ပြည်ထောင်စုအစိုးရ(ပထစ)သည် နိုင်ငံရေးအာဏာလုမှုများ၊ ဦးဗိုလ်သခင်အုပ်စုတိုက်ပွဲများဖြစ်ပွားခဲ့ရပြီး ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ပြည်သူတို့၏စားဝတ်နေရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရွေးကောက်ပွဲကတိအတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိသဖြင့် အစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်မှုများ ကင်းမဲ့လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်အတွင်း အုပ်ချုပ်ရေးယန္တရား



၂၀၁၂ ခုနှစ်အတွင်းက ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပစဉ်။

**သန့်ရှင်းဖဆပလ၊ ပထစအစိုးရ၏ နိုင်ငံရေး ဦးဆောင်မှုအပိုင်းနှင့် ပါလီမန်အမတ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်မှုအားနည်းချက်များကြောင့် ပြည်ထောင်စုကြီး ပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါး ဆုံးရှုံးနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ တပ်မတော်သည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ရယူခဲ့ရသဖြင့် ပါလီမန်ဒီမိုကရေစီစနစ်လည်း ချုပ်ငြိမ်းသွားခဲ့သည်**

လျော့ရဲလာခြင်း၊ ပြည်တွင်း၌ ငြိမ်ဝပ်ပိပြားရေးကျဆင်းလာ၍ ဆူပူသောင်းကျန်းနေသော ကွန်မြူနစ်များနှင့် အခြားလက်နက်ကိုင်သောင်းကျန်းသူများအား နှိမ်နင်းရန်ပျက်ကွက်ခြင်းတို့အပြင် ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကူမင်တန်တပ်များ ကျိုင်းတုံနယ်သို့ ကျူးကျော်ခဲ့ပြီး အမေရိကန်၏ ကူညီထောက်ပံ့မှုများ ရယူဆောင်ရွက်ခဲ့သဖြင့် ကုလသမဂ္ဂထိ တိုင်ကြားခဲ့ရသည်။ ဤအခြေအနေကို အခွင့်ကောင်းယူ၍ ဗကပတို့သည် အစိုးရ၏အားနည်းချက်နှင့် နိုင်ငံရေးအကျပ်အတည်းအပေါ် ယင်းတို့၏တပ်များကို တပ်မတော်ထဲသို့ ပူးပေါင်းထည့်သွင်းဖွဲ့စည်းပေးရန်အထိ တောင်းဆိုလာခဲ့သည်။ ထို့အပြင် ပဒေသရာဇ်စော်ဘွားအချို့၊ နိုင်ငံရေးပါတီအမတ်အချို့တို့သည် အင်အားကြီး အနောက်အုပ်စုဩဇာခံ အရှေ့တောင်အာရှစစ်အုပ်စု ဆီးတိုး(SEATO)နှင့်လျှို့ဝှက်ဆက်သွယ်ပြီး ဆီးတိုး (SEATO) အဖွဲ့ထဲဝင်ရောက်ရေး၊ ပြည်ထောင်စုထဲမှခွဲထွက်ရေး၊ ဖက်ဒရယ်မူဟူ၍ တင်ပြတောင်းဆိုလာခဲ့ကြသည်။ ပထစအစိုးရသည် ထိုကိစ္စအား ထိရောက်ပြတ်သားစွာ မဖြေရှင်းခဲ့ဘဲ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်မနိုင်ငံရေးခေါင်းဆောင်များ နှီးနှောဖလှယ်ပွဲ ကျင်းပ၍ နှစ်သိမ့်ရန်ကြိုးပမ်းခဲ့သည်။ သန့်ရှင်းဖဆပလ၊ ပထစအစိုးရ၏ နိုင်ငံရေးဦးဆောင်မှုအပိုင်းနှင့် ပါလီမန်အမတ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်မှု အားနည်းချက်များကြောင့် ပြည်ထောင်စုကြီးပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ တပ်မတော်သည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ရယူခဲ့ရသဖြင့် ပါလီမန်ဒီမိုကရေစီစနစ်လည်း ချုပ်ငြိမ်းသွားခဲ့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၉၆၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးဥပဒေကို ပြဋ္ဌာန်းကာ နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းခဲ့သည်။

၁၉၇၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ပြည်သူ့ပါတီအဖြစ်ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်း၍ တစ်ပါတီစနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ စီးပွားရေးမူဝါဒများ ယိုယွင်းလာပြီး ဆင်းရဲကျပ်တည်းမှုများကို အကြောင်းပြု၍ ကွန်မြူနစ်တို့၏ မြေပေါ်မြေအောက် လှုပ်ရှားဆောင်ရွက်မှုများနှင့် အနောက်နိုင်ငံများမှ ဝင်ရောက်သွေးထိုးစွက်ဖက်မှုများကြောင့် အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည့်အတွက် နိုင်ငံတော်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခွင့်ပြုခဲ့သည်။ နိုင်ငံရေးပါတီမျိုးစုံ အပြိုင်အဆိုင်တည်ထောင်ခဲ့ကြရာ ပါတီပေါင်း ၂၃၃ ပါတီအထိ မှတ်ပုံတင်ခဲ့သည်။ တောတွင်းလက်နက်ကိုင်ကွန်မြူနစ်ပါတီ ဗကပ၏ ဒီမိုကရေစီအရေခြုံပါတီများ၊ ပြည်ပြေးဒေါက်တာစိန်ဝင်း၏ NCGUB ယှဉ်ပြိုင်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များ ပါဝင်သည့် ပါတီများ စသည်ဖြင့် လက်ဝဲလက်ယာပါတီမျိုးစုံ ပါဝင်ခဲ့သည်။ ဥပဒေနှင့်ညီညွတ်မှုမရှိသော ပါတီများကို ငြင်းပယ်ခြင်း၊ ရပ်တည်နိုင်မှုမရှိခြင်းကြောင့် ဖျက်သိမ်းခဲ့ရခြင်း စသည်ဖြင့် ပါတီ ၁၂၄ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ကိုယ်စားလှယ် ၄၇၉ ဦး၊ တစ်သီးပုဂ္ဂလ ခြောက်ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ယင်းရွေးကောက်ပွဲသည် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအစိုးရများကို ဖွဲ့စည်းဆောင်ရွက်ကြရန်ဖြစ်သည်။ NLD ပါတီ ရွေးကောက်ခံကိုယ်စားလှယ်များက အာဏာလွှဲပြောင်းပေးရန်နှင့် လွှတ်တော်ခေါ်ယူပေးရန် အတင်းအကျပ်တောင်းဆို ဆောင်ရွက်လာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်မှရေးဆွဲမည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်အစိုးရ ဖွဲ့စည်းရေး ဆွေးနွေးပြင်ဆင်လာကြပြီး အာဏာရယူရေးကို ဆောင်ရွက်လာကြသည်။ နောက်ပိုင်းတွင် ပြည်ပြေးဒေါက်တာစိန်ဝင်းက ယှဉ်ပြိုင်အစိုးရကို ဖွဲ့စည်းလာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပခဲ့ရာ အစုအဖွဲ့ ရှစ်ခုတွင် နိုင်ငံတစ်ဝန်းမှ ဒေသစုံ၊ တိုင်းရင်းသားအစုံ၊ လူတန်းစားအလွှာစုံ ၂၀၇ ဦး၊ ပါတီ ဆယ်ပါတီမှ ကိုယ်စားလှယ် ၄၉ ဦး၊ ရွေးကောက်ခံရသော ကိုယ်စားလှယ် ၁၀၇ ဦး ပါဝင်ခဲ့ရာ NLD ပါတီမှ ကိုယ်စားလှယ် ၈၀ ကျော် ပါဝင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများ ၂၁၅ ဦး၊ အလုပ်သမား ၄၈ ဦး၊ တတ်သိပညာရှင် ၄၁ ဦး၊ တောင်သူလယ်သမား ၉၁ ဦး၊ နိုင်ငံ့ဝန်ထမ်း ၉၂ ဦးနှင့် အခြားဖိတ်ကြားသင့်သောပုဂ္ဂိုလ် ၅၇ ဦးတို့

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

တက်ရောက်ခဲ့ကြပါသည်။ ၁၉၉၅ ခုနှစ်တွင် NLD ပါတီကိုယ်စားပြုညီလာခံကိုယ်စားလှယ်ငါးဦးနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံအစုအဖွဲ့မှ NLD ပါတီကိုယ်စားလှယ် ၈၁ ဦး စုစုပေါင်း ၈၆ ဦးတို့ ညီလာခံမှ သပိတ်မှောက်၍ ထွက်ခွာခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံသည် ၁၉၉၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ရပ်နားခဲ့ရသည့်အတွက် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ခဲ့ရသည်။ ပြည်သူများရွေးချယ်ခဲ့သော ဆန္ဒမဲများ အဟောသိကံဖြစ်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ် နိုင်ငံရေးသမားများ နိုင်ငံရေးအမြော်အမြင်နည်းပါးမှုနှင့် လုပ်နိုင်ကိုင်နိုင်စွမ်းမရှိခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းရာတွင် အချိန်ကြန့်ကြာခဲ့ပြီး လမ်းပျောက်ခဲ့ရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်မည့် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် ချမှတ်၍ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ စစ်ဘက်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးစနစ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ အနိုင်ရရှိခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုအချိန်ကာလတွင် နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကောင်းများ ရရှိခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးခရီးလမ်းကို ဆက်လက်လျှောက်လှမ်းကြမည့် ပါတီစုံဒီမိုကရေစီအစိုးရများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလမ်းကြောင်းအတိုင်း ပြည်သူများ၏ စားဝတ်နေရေးနှင့် လုံခြုံရေးကိုအာမခံ၍ ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်ကြပြီး ဒီမိုကရေစီအခြေခံအုတ်မြစ်များချမှတ်ကာ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ရေရှည်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အသားကျအောင် အခြေချတည်ဆောက်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အဆင့်လိုက် ရေရှည်ပြောင်းလဲ ဖော်ဆောင်ကြရမည်ဖြစ်သော်လည်း ဒီမိုကရေစီနိုင်ငံရေး အတွေ့အကြုံမရင့်ကျက်မီ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံနှင့် Myanmar Egress ကဲ့သို့ ပြည်တွင်းအဖွဲ့အစည်းများ၏ အကြံပေးတိုက်တွန်းမှုအမျိုးမျိုးတို့အပြင် ပြည်ပနိုင်ငံကြီးများ၏အလိုကျ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ အမျိုးသားရင်ကြားစေ့ရေး စသည်ဖြင့် ကဏ္ဍစုံတွင် ယင်းတို့၏ ဩဇာလွှမ်းမိုးနိုင်ရေးအတွက် ဝင်ရောက်အခြေတည်ဆောင်ရွက်ခဲ့မှုများကြောင့် အချို့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်မတိုင်မီ ဆောလျင်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ဥပဒေပြုလွှတ်တော်များနှင့် အုပ်ချုပ်ရေးအစိုးရအဖွဲ့များအတွင်း သဘောထားကွဲလွဲမှုများနှင့် လွှတ်တော်တွင်း ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အားပြိုင်မှုများဖြစ်ပွားခဲ့ရသည်။ စည်းလုံးညီညွတ်ရေး ပျက်ပြားသည်သာမက ဆယ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်လျော့ပါးခဲ့ရသည့်အပြင် NLD အစိုးရလက်ထက်တွင် နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သည့် လူမျိုးရေးပြဿနာများမှ နိုင်ငံတကာတရားရုံး (ICJ) သို့ ရောက်ရှိခဲ့ရသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံကြီးအချို့ စွက်ဖက်ဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အခက်အခဲဖြစ်စေမည့် မဲမသမာမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရသည်။ NLD ပါတီသည် မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်များခေါ်ယူ၍ နိုင်ငံတော်အာဏာကို မတရားရယူလိုမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်တာဝန်ကို တပ်မတော်မှ လွှဲပြောင်းရယူဆောင်ရွက်ခဲ့ရသည်။ NLD ပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို ဒီမိုကရေစီနည်းလမ်းတကျ နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်ဆူပူသောင်းကျန်းသည့် နည်းလမ်းများဖြင့် ဖြေရှင်းခဲ့မှုများကြောင့် မြန်မာ့နိုင်ငံရေးခရီးလမ်းသည် ယနေ့ထိတိုင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ တိုက်ပွဲများနှင့်အတူ လျှောက်လှမ်းခဲ့ရပါသည်။

ပါတီစုံဒီမိုကရေစီခေတ် (၂၀၁၀ – ၂၀၂၀ ပြည့်နှစ်) ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများတွင် လွှတ်တော်ကိုယ်စားလှယ်အချို့အနေဖြင့် သဘောတရား၊ အယူဝါဒ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများနှင့် အရည်အချင်းပြည့်မီမှု လိုအပ်ချက်များကြောင့် လွှတ်တော်အတွင်း ဥပဒေပြုရာတွင် လွဲချော်အားနည်းမှုများရှိခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသည့် ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ဥပဒေကြမ်းများကို လွှတ်တော်တွင် ဥပဒေပြုတင်သွင်းဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လစာ ဆယ်သိန်းကျပ်အထိ တိုးမြှင့်၍ နေ့စဉ်ထောက်ပံ့ကြေး ကျပ်တစ်သောင်းရရှိရန် ဆောင်ရွက်ခဲ့ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နှစ်စဉ်ရယူကာ စည်းရုံးရေးလုပ်ငန်းများနှင့် ရောယှက်သုံးစွဲနိုင်ရန် ဥပဒေပြုခဲ့ခြင်း အပါအဝင် နိုင်ငံတော်သမ္မတက သဘောမတူခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်များကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖြစ် ထည့်သွင်းအဓိပ္ပာယ် ဖွင့်ဆိုခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို စွပ်စွဲပြစ်တင်မှုများ ဆောင်ရွက်ခဲ့ပြီး လွှတ်တော်များအတွင်း အများဆန္ဒဖြင့် ဆုံးဖြတ်ခဲ့ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်ကြွယ်ဝမှုနှင့် သုံးသပ်ဆင်ခြင်နိုင်စွမ်းအပေါ် အားနည်းကြောင်း ပြသရာရောက်ခဲ့သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များဖြစ်သကဲ့သို့ ခုံရုံး၏ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အပြီးအပြတ် အတည်ဖြစ်သည့်အတွက် ထိုကိစ္စမှာ တရားစီရင်ရေးမဏ္ဍိုင်ကို ဥပဒေပြုလွှတ်တော်များက လွှမ်းမိုးစွက်ဖက်ခြင်းဖြစ်ခဲ့ရသည်။ Rule of Law ပျက်စီးစေခြင်း အကြောင်းအရင်းတစ်ရပ်ဖြစ်ခဲ့ရသည်။ တရားစီရင်ရေးဆုံးဖြတ်ချက်ကို ဥပဒေပြုအမတ်များက အမှန်အမှားမဲခွဲဆုံးဖြတ်ချက်မှာ မည်သည့်နိုင်ငံတွင်မှ အစဉ်အလာမရှိခဲ့သော ကြီးမားသည့် မှားယွင်းဆောင်ရွက်ချက်ဖြစ်ခဲ့ရသဖြင့် နိုင်ငံတကာ ဥပဒေပညာရှင်များက လွှတ်တော်ကိုယ်စားလှယ်များအား အထင်သေး အမြင်သေးဖြစ်ခဲ့ရသည်။ အချို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ဇယား (၁) ပြည်ထောင်စုဥပဒေပြု စာရင်းနှင့် ဇယား (၂) တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေပြု စာရင်း၊ ဇယား (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများကို သဲသဲကွဲကွဲနားလည်မှုမရှိသောကြောင့် လွှတ်တော်များတွင် မေးခွန်းနှင့်အဖြေများ မေးမြန်းဆောင်ရွက်ရာတွင် မိမိလွှတ်တော်နှင့် မသက်ဆိုင်သောကိစ္စရပ်များကို မေးမြန်းတင်သွင်းခဲ့ခြင်းများလည်းရှိခဲ့သဖြင့် ဥပဒေပြုရမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေ၏အခြေခံသဘောတရားများနှင့် ပြည့်စုံလုံလောက်သော ပညာအရည်အချင်းများရှိရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ရသည်။ အထက်ပါဖြစ်စဉ်များကြောင့် ဒီမိုကရေစီအစိုးရ၏ ပထမအကြိမ်လွှတ်တော်များအတွင်း အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရနှင့် လွှတ်တော်များအကြား မကျေလည်မှုများဖြစ်ခဲ့ရကာ ပါတီစုံဒီမိုကရေစီစနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အဟန့်အတားများ ဖြစ်ပွားခဲ့ရပါသည်။

(၂၀၁၅ – ၂၀၂၀ ပြည့်နှစ်) ဒုတိယအကြိမ် လွှတ်တော်များတွင် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း ရပ်/ကျေးဥပဒေများကို ပြင်ဆင်ခြင်း၊ ညွှေ့စာရင်းဥပဒေ၊ နယ်ခြားစောင့်စစ်ဆေးရေးဥပဒေ၊ နောက်ယောင်ခံစောင့်ကြည့်ရေးဥပဒေ၊ အရေးပေါ်စီမံချက်ဥပဒေ၊ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရေးဥပဒေများကို အမြော်အမြင် နည်းပါးစွာဖြင့် ပယ်ဖျက်ခဲ့ကြသည်။ လူမျိုးရေးပဋိပက္ခများတွင် နိုင်ငံခြားသားအကြံပေးများဖြင့် မြန်မာနိုင်ငံ၏ အသက်တမျှအရေးကြီးသော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှုဥပဒေကိုပါ ပြင်ဆင်ပယ်ဖျက်ရန်အထိ ကြိုးစားခဲ့ခြင်းကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ လွှတ်တော်များအတွင်း မဲခွဲဆုံးဖြတ်ရာတွင် တစ်ဦးတစ်ယောက်၏ ညွှန်ကြားချက်များအတိုင်း လက်ညှိုးထောင် ခေါင်းညိတ် လွှတ်တော်ကိုယ်စားလှယ်များပါဝင်ခြင်းဖြင့် ဥပဒေပြုလွှတ်တော်များအတွင်း တစ်ပါတီအာဏာရှင်ဆန်ဆန် ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရများလက်ထက် နိုင်ငံရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့် ဆောင်ရွက်ချက်များ အားနည်းခဲ့ရသဖြင့် ဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ပျက်ပြားခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့ရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များလည်း လျော့ပါးခဲ့ရသည်။

မြန်မာ့နိုင်ငံရေး ခရီးတစ်လျှောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်များအတွင်း သဘောထားကွဲလွဲမှုများကြောင့်နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင်လည်း လွှတ်တော်များအတွင်း အားနည်းလွဲချော်မှုများနှင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများကြောင့် မဲများရာ အနိုင်ရသည့် ဒီမိုကရေစီအာဏာရှင်စနစ်မျိုးဖြစ်ခဲ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့်ဆောင်ရွက်နိုင်စွမ်းမှာ ပါတီနိုင်ငံရေး ရင့်ကျက်တည်ငြိမ်မှု၏ အဓိကအကြောင်းအရင်း ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်း၍ သတ်မှတ်ထားရှိပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဥပဒေပြုလွှတ်တော်ကို အမျိုးသားညီလာခံ (National Assembly) ဟုခေါ်ဆိုသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ၂၀၁၇ ခုနှစ် ထိုင်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၇ အရ အောက်လွှတ်တော် (House Of Representatives) ၏ ကိုယ်စားလှယ်အရည်အချင်းမှာ မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်ရမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၂၅ နှစ်အောက် မငယ်သူဖြစ်ရမည်။ သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးပါတီတစ်ခု၏ ပါတီဝင်ဖြစ်ရမည်။ မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်လောင်းဖြစ်ပါက ဝင်ရောက်ယှဉ်ပြိုင်မည့် ခရိုင်တွင် မွေးဖွားသူဖြစ်ရမည်။ ယင်းခရိုင်တွင် အနည်းဆုံးငါးနှစ်တစ်ဆက်တည်းနေထိုင်လျက်ရှိသည့် အိမ်ထောင်စုဇယားရှိသူဖြစ်ရမည်။ ခရိုင်တစ်ခုခုရှိ တက္ကသိုလ်များတွင် အနည်းဆုံးငါးနှစ် တစ်ဆက်တည်း ပညာသင်ကြားဖူးသူဖြစ်ရမည်။ ယင်းခရိုင်ရှိ အစိုးရအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့အစည်း အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။ အထက်လွှတ်တော် (Senate) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်မှာ မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သို့မဟုတ် အလားတူဘွဲ့ထက် မနိမ့်သော ပညာအရည်အချင်းရှိသူဖြစ်ရမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၄၀ အောက် မငယ်သူဖြစ်ရမည်။ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊ သက်ဆိုင်ရာ နယ်ပယ်တွင် အသိပညာ ပြည့်ဝသူဖြစ်ရမည်။ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဝင်ရောက်အရွေးခံမည့်ဒေသတွင် မွေးဖွားသူ သို့မဟုတ် အမြဲတမ်းနေထိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်သူဖြစ်ရမည်။

**“ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသည့် ပြည်ထောင်စု အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ဥပဒေကြမ်းများကို လွှတ်တော်တွင် ဥပဒေပြုတင်သွင်းဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လစာဆယ်သိန်းကျပ်အထိ တိုးမြှင့်၍ နေ့စဉ်ထောက်ပံ့ကြေး ကျပ်တစ်သောင်းရရှိရန် ဆောင်ရွက်ခဲ့ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ နှစ်စဉ်ရယူကာ စည်းရုံးရေးလုပ်ငန်းများနှင့် ရောယှက်သုံးစွဲနိုင်ရန် ဥပဒေပြုခဲ့ခြင်းအပါအဝင် နိုင်ငံတော်သမ္မတက သဘောမတူခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်များကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်”**

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက် မဲခေါင်မြစ်ပေါ်တွင် ၁၄၆၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျင်းမြို့တွင် ကျင်းပသည့် မြန်မာ – လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ပြီး လာအိုနိုင်ငံ လွန်ပရာဘန်ပြည်နယ်ရှိ မဲခေါင်ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဗီယင်ကျင်းမြို့၌ ကျင်းပသည့် မြန်မာ – လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးကိုတက်ရောက်ပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစေရန် နိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်မှုများသာမက နယ်စပ်ဖြတ်ကျော်ဓာတ်အား ဝယ်ယူမှုများ တိုးတက်ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာန၏ အဓိက အရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်လည်း နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားဝယ်ယူဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းအား လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးကို အထူး အလေးထားပါကြောင်း၊ မြန်မာ – လာအို နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းကော်မတီ (Joint Working Committee –JWC) နှင့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group–JWG) များ ဖွဲ့စည်း၍ ပူးပေါင်း ဆောင်ရွက်လာခဲ့ကြသည့် (၅) နှစ်ကျော်သက်တမ်း ကာလအတွင်း သိသာထင်ရှားသော လုပ်ငန်းတိုးတက်မှုများ လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ယခင် လေ့လာမှုများအရ မဲခေါင်မြစ်ကြောင်း တစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်း ၃ ခုမှ ၄ ခုအထိ ဆောင်ရွက်နိုင်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၈၀၀ မဂ္ဂါဝပ်မှ ၃၂၀၀ မဂ္ဂါဝပ်ခန့်အထိ ရရှိနိုင်သည့် အလားအလာရှိသည်ကို သိရှိရပါကြောင်း၊ မဲခေါင်မြစ် စီမံကိန်းတစ်ခုလျှင် ၅၀၀ မဂ္ဂါဝပ်နှင့်အထက် တည်ဆောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို မြန်ဆန်စွာ ပြီးမြောက်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံများအကြား ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည် ဖြစ်ပါကြောင်း။

မြန်မာ-လာအို နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းကို ကာလတိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်း၏ FSR ပြီးစီးမှုနှင့် FSR အပေါ် စိစစ်သုံးသပ်ချက်များအရ နည်းပညာနှင့် စီးပွားရေးတွက်ခြေကိုက်မှုရှိသည့်အပေါ်မူတည်၍ စီမံကိန်း အကောင်အထည် ဖော်နိုင်ရေးကို နှစ်နိုင်ငံအစိုးရများထံ တင်ပြလမ်းညွှန်မှု ခံယူနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ ကုမ္ပဏီများက FSR မြန်ဆန်စွာပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လာအိုနိုင်ငံအစိုးရ၏ ခိုင်မာသောထောက်ခံအားပေးမှုများကို အပြည့်အဝ အသိအမှတ်ပြုပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည် ဖော်နိုင်ရေး အတွက် ပူးတွဲလေ့လာမှုလုပ်ငန်းများဆောင်ရွက်ကြရန် လိုအပ်သည်များအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖိုစေးစရာစုံက ဆွေးနွေးပြောကြားရာတွင် မြန်မာ – လာအို နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုတို့ကို တွန်းအားပေး ဆောင်ရွက်လိုပါကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့နှင့် ပူးတွဲလုပ်ငန်း ကော်မတီများ၏ အစည်းအဝေးများတွင် ဆွေးနွေးမှုရလဒ်များအရ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၃) ရပ်ဖြစ်သည့် နှစ်နိုင်ငံအကြား Power Supply Framework Agreement လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ရန်၊ မြန်မာ–လာအို နှစ်နိုင်ငံ ဓာတ်အားစနစ် ချိတ်ဆက်ရေး နည်းပညာဆိုင်ရာလိုအပ်ချက်များနှင့် ရယူမည့် ဓာတ်အားပမာဏများကို လေ့လာသုံးသပ်မည့် အကြံပေးပညာရှင်အဖွဲ့နှင့် ဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို လာအိုကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့အပေါ် နှစ်နိုင်ငံဝန်ကြီးဌာနများမှ လိုအပ်သော အကူအညီများ ပေးအပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်တွင် မဲခေါင်မြစ်ပေါ်တွင် ၁၄၆၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် Navigation Lock ပါ ထည့်သွင်းတည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းကာ အသေးစိတ် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် တည်ဆောက်နေမှု အခြေအနေများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ကျိုင်းတုံမြို့နှင့်တာချီလိတ်မြို့များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် သည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကာ ဘုရားဖူးခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ထိုင်း – မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားသို့သွားရောက်၍ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်/ထွက်နိုင်ရေး၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ အဆင်ပြေစေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဘာသာစကားကျွမ်းကျင်မှုရှိရေး ကြိုးစားကြရန် မှာကြားသည်။

အလားတူ ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံ အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့သွားရောက်၍ ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းဖုန်းကျေးရွာရှိ မိုင်းဖုန်းဆရာတော်ဘုရားကျောင်းသို့သွားရောက်၍ ခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်ပြီး ဘုရားဖူးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် တာချီလိတ်မြို့ရှိ ရွှေတြိဂံပါရာဒိုက်စ် ဟိုတယ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခရီးသွား ဧည့်သည်များကို ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကာ မြစ်တွင်း အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း အကောင်အထည် ဖော်နိုင်မှုကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ ဝမ်းဂျီဝမ်းဟိုတယ်၌ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တာချီလိတ်မြို့သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး နယ်စပ်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိကြောင်း၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ခရီးသွားပိုမိုဝင်ရောက်ရေးအတွက် ဈေးကွက်ရှာဖွေရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ပြီး ခရီးသွားများကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ကျိုင်းလပ်မြို့ရှိ မြန်မာ–လာအို ချစ်ကြည်ရေးတံတားသို့သွားရောက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသများ၌ နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်တန်းခရီးစဉ်များနှင့် နယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဖော်ဆောင်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ဂါဇာဒေသ၌ ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၂၀၉၁၅ ဦးအထိရှိလာ


ဂါဇာတောင်ပိုင်း ရာဖာ၌ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအပြီး နေအိမ်အတွင်း အပျက်အစီးများကို တွေ့ရစဉ်။

**ဂါဇာ ဒီဇင်ဘာ ၂၇**
အစ္စရေးနှင့်ဟားမားစ်တို့ ပဋိပက္ခစတင်သည့် အောက်တိုဘာ ၇ ရက်မှစကာ ဂါဇာဒေသ၌ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၂၀၉၁၅ ဦးအထိ ရှိလာပြီး ဒဏ်ရာရရှိသူဦးရေမှာ ၅၄၉၁၈ ဦး ရှိသည်ဟု ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

ဒီဇင်ဘာ ၂၅ ရက်က ပါလက်စတိုင်း ၂၄၁ ဦးသေဆုံးခဲ့ပြီး ၃၈၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ရှရက်ဖ်အယ် ကီဒရာကပြောသည်။

ဂါဇာဒေသရှိ ဆေးရုံများနှင့် ကျန်းမာရေး ဝန်ထမ်းများကို အကာအကွယ်ပေးကြရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ၎င်းက တောင်းဆိုခဲ့သည်။ အလားတူ ဖျားနာနေသူများ၊ ဒဏ်ရာရရှိသူများနှင့် ရွှေ့ပြောင်းနေထိုင်ကြသူများကို ကာကွယ်ပေးရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် အင်တာနက်နှင့် ဖုန်းဝန်ဆောင်မှုအပါအဝင် လျှပ်စစ်မီးများလည်း ပြတ်တောက်သွားကြောင်း ဂါဇာဒေသရှိ အဓိကဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့် Paltel က လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၀၀၀ ကျော်အထိ ရှိလာ

**လူဆာကာ ဒီဇင်ဘာ ၂၇**
ယခုနှစ် ဇန်နဝါရီလမှစတင်ကာ ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၁၈၉ ဦးအထိ တိုးလာပြီး ခရိုင်အများအပြားတွင် ကူးစက်ပျံ့နှံ့လာသည်ဟု ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

အဓိကအားဖြင့် နိုင်ငံမြို့တော် လူဆာကာရှိ ခရိုင်လေးခုတွင် ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့မှု ပို၍များပြားသည်။ သို့သော်လည်း ယခုအခါ နိုင်ငံအလယ်ပိုင်းရှိ အခြားသောခရိုင်များတွင်ပါ ကူးစက်ပျံ့နှံ့လာသည်ကို တွေ့ရသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဒီဇင်ဘာ ၂၅ ရက်တွင် ဇမ်ဘီယာသမ္မတ ဟာကိုင်ဒီ ဟီချီလီမာက နိုင်ငံအတွင်း ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံသည် ကာလဝမ်းရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် အဓိကအချက်အချာနေရာဖြစ်လာစေရန် ဆွဲဆောင်မှုများပြုလုပ်နေသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# ပင်လယ်နီတွင် ဟူသီတို့၏ တိုက်ခိုက်မှုကြောင့် ကုန်တင်သင်္ဘော ၁၈၅ စင်း ထိခိုက်ခဲ့ရ

**နယူးယောက် ဒီဇင်ဘာ ၂၇**
ပင်လယ်နီဒေသတွင် ကုန်တင်သင်္ဘောများကို ယီမင်နိုင်ငံမှ ဟူသီသူပုန်များ တိုက်ခိုက်မှုကြောင့် စီးပွားဖြစ်ကုန်တင်သင်္ဘောများ၏ လုပ်ငန်းဆောင်တာများထိခိုက်ခဲ့ရသည်ဟု ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကို သုတေသနပြုလုပ်နေသည့် အမေရိကန်ကုမ္ပဏီတစ်ခုက ပြောသည်။

ဒီဇင်ဘာ ၂၆ ရက်အထိ စီးပွားဖြစ်ကုန်တင်သင်္ဘော ၁၈၅ စင်း ထိခိုက်ဆုံးရှုံးခဲ့ရသည်ဟု အဆိုပါကုမ္ပဏီကပြောသည်။ ၎င်းတို့ထဲမှ သင်္ဘော ၁၅၇ စင်းမှာ တောင်အာဖရိကနိုင်ငံ ဂွတ်ဟုပ်အငူဘက်သို့ လမ်းကြောင်းပြောင်းနေကြောင်း ခန့်မှန်းထားသည်။ လမ်းကြောင်းပြောင်းထားသည့် သင်္ဘောအများစုသည် ဖြတ်သန်းချိန် ခုနစ်ရက်မှ ရက် ၂၀ အထိ အချိန်တိုး၍ ကြာမြင့်မည်ဖြစ်သည်။ အချို့လမ်းကြောင်းပြောင်းထားသည့် သင်္ဘောများသည် အမြန်နှုန်းအရှိန်ကို မြှင့်တင်ရသည့်အတွက် သယ်ယူပို့ဆောင်ရေးစရိတ်လည်း ကြီးမြင့်လာကြောင်း အဆိုပါကုမ္ပဏီကပြောသည်။

အမေရိကန်ပြည်ထောင်စုသည် အဆိုပါနယ်မြေအတွင်း လုံခြုံစိတ်ချစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သည့် ရေကြောင်းလုံခြုံရေးလှုပ်ရှားမှုတစ်ခု ပြုလုပ်ထားသည်။ ဒီဇင်ဘာ ၂၆ ရက် အစောပိုင်းက ပင်လယ်နီတောင်ဘက်ပိုင်းတွင် ဟူသီသူပုန်တို့ ပစ်ခတ်လိုက်သည့် ဒရုန်း ၁၂ စင်း၊ ပဲ့ထိန်းဒုံးကျည် ၁၂ စင်းနှင့် အခြားဒုံးကျည်နှစ်စင်းတို့ကို ပစ်ချနိုင်ခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်ကပြောသည်။ အကယ်၍ သယ်ယူပို့ဆောင်မှု ထပ်မံနှောင့်ယှက်ခံရပါက တစ်ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကို ထိခိုက်နိုင်သည်ဟု လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် လျှပ်တစ်ပြက်ရေကြီးခဲ့သဖြင့် ခြောက်ဦးသေဆုံး

**အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် ထိုင်းပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အတွင်း သင်္ဘောခုနစ်စင်း နစ်မြုပ်ခဲ့**

**ဘန်ကောက် ဒီဇင်ဘာ ၂၇**
ထိုင်းနိုင်ငံတောင်ပိုင်းတွင် လျှပ်တစ်ပြက် မိုးဆက်တိုက် ရွာသွန်းပြီး ရေကြီးမှုကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ပြီး ပြည်နယ်ငါးခုရှိ မိသားစုထောင်ပေါင်းများစွာ ရေဘေးကြုံတွေ့ခဲ့ကြောင်း ထိုင်းအရာရှိတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်က ပြောကြားခဲ့သည်။

မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် ခြောက်ဦး သေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူများထဲတွင် အသက် ၈၉ နှစ်အရွယ် သက်ကြီးပိုင်း တစ်ဦးပါဝင်ခဲ့ကြောင်း နာရာသီဝက်လက်ထောက်အုပ်ချုပ်ရေးမှူး ပရီချာ နူအယ်န္တိုင်က ပြောကြားခဲ့သည်။

လွန်ခဲ့သော သုံးရက်အတွင်း မိုးအကြီးအကျယ် ရွာသွန်းခဲ့သောကြောင့် ဆိုးရွားသော ရေကြီးမှုဖြစ်ပွားခဲ့ပြီး နာရာသီဝက်၊ ယာလာ၊ ပတ်ထာနာ၊ ဆွန်ကလာနှင့် ဆာတမ်ပြည်နယ်များအပါအဝင် အနိမ့်ပိုင်းပြည်နယ်များ ရေဘေးကြုံတွေ့ခဲ့ကြသည်။

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ရာစုနှစ်ထက်ဝက်အတွင်း အဆိုးရွားဆုံး ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် ကားလမ်းနှင့် ရထားလမ်းများ ရေကြီးနစ်မြုပ်ခဲ့ပြီး ကျောင်းများ ပိတ်ခဲ့ရကာ တချို့ဒေသများ၌ မိသားစုဝင်များသည် မိမိတို့အိမ်ထဲတွင် ပိတ်မိနေခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စုပေါင်း ၇၀၀၀၀ ရေဘေးသင့်ခဲ့သည်။

သောကြာနေ့ ကတည်းက အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် ထိုင်းပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အတွင်း သင်္ဘောခုနစ်စင်း နစ်မြုပ်ခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သောကြောင့် ထိုင်းဝန်ကြီးချုပ် ဆရက်သာသာဗီဆင်သည် နာရာသီဝက်သို့ သွားရောက်ခဲ့သည်။ ဝန်ကြီးချုပ်သည် ရေဘေးဒုက္ခသည်များကို ဂရုစိုက်စောင့်ရှောက်ရန်နှင့် ဒေသခံများကို ကူညီပေးရန် ပြည်ထဲရေးဝန်ကြီးကို တာဝန်ပေးခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**



# အော်စကာဆုရ Parasite ရုပ်ရှင်ဇာတ်ကားမှ တောင်ကိုရီးယားမင်းသား လီဆန်ဂျွန်း သေဆုံးလျက်တွေ့ရှိ


တောင်ကိုရီးယားမင်းသား လီဆန်ဂျွန်း။

**ဆိုးလ် ဒီဇင်ဘာ ၂၇**
အော်စကာဆုရ Parasite ရုပ်ရှင်ဇာတ်ကားတွင် ၎င်း၏ သရုပ်ဆောင်မှုကြောင့် လူသိများကျော်ကြားသည့် တောင်ကိုရီးယားမင်းသား လီဆန်ဂျွန်းသည် ဒီဇင်ဘာ ၂၇ ရက်က ဆိုးလ်မြို့၌ သေဆုံးလျက်တွေ့ရှိကြောင်း နိုင်ငံတကာသတင်းများတွင် အကျယ်တဝင့် ဖော်ပြထားသည်။

**ကားတစ်စီးအတွင်း၌ တွေ့ရှိ**

၎င်းသည် တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှု စွပ်စွဲချက်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခံနေရသူလည်း ဖြစ်သည်။ မင်းသား လီဆန်ဂျွန်းကို မြို့တော်အလယ်ပိုင်း ပန်းခြံတစ်ခုအနီး၌ ရပ်ထားသည့် ကားတစ်စီးအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာက အစီရင်ခံဖော်ပြသည်။

**ဖုန်းခေါ်ဆိုမှု လက်ခံရရှိပြီးနောက် ရဲတပ်ဖွဲ့က လီကို လိုက်လံရှာဖွေခဲ့**

လီဆန်ဂျွန်းမှာ သေကြောင်းကြံစည်သည့် ပုံစံနှင့်တူသော စာတစ်စောင်ချန်ထားရစ်ပြီး ပျောက်ဆုံးသွားကြောင်း ၎င်းမိသားစုထံမှ ဖုန်းခေါ်ဆိုမှု လက်ခံရရှိပြီးနောက် ရဲတပ်ဖွဲ့က လီကို လိုက်လံရှာဖွေခဲ့သည်။ အသက် ၄၈ နှစ်အရွယ် မင်းသား လီဆန်ဂျွန်းသည် အကောင်းဆုံးဇာတ်ကားဆုအပါအဝင် အကယ်ဒမီဆုလေးဆု ဆွတ်ခူးရရှိခဲ့သော Parasite ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

**မူးယစ်ဆေးဝါးသုံးစွဲမှုသံသယဖြင့် စုံစမ်းမေးမြန်းခြင်း ခံခဲ့ရ**

ထို့အပြင် လီသည် အခြားသောရုပ်ရှင်နှင့် ဒရာမာဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။ သို့သော်လည်း မကြာသေးမီက ဆေးခြောက်နှင့် အခြားတရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှုသံသယဖြင့် ရဲတပ်ဖွဲ့၏ စုံစမ်းမေးမြန်းခြင်းကို ခံခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း ဆန်၊ ပြောင်းနှင့် ငှက်ပျောတင်ပို့



လွယ်ဂျယ် ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အတွင်း ကုန်သွယ်မှု ဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်တန် ၁၄၀၄ ဒသမ ၅၀ ၊ ဆန်ကွဲတန် ၃၇၂ ဒသမ ၅၀ ၊ ပြောင်းတန် ၁၀၆၉ ဒသမ ၅၀၊ ရော်ဘာ ၁၂၈ ဒသမ ၀၀ တန်၊ တစ်သျှူးငှက်ပျော ၅၄၄ ဒသမ ၀၀ တန်၊ ဖရဲသီးတန် ၃၆၂ ဒသမ ၅၀၊ သခွားမွှေး ၁၇၂ ဒသမ ၀၀ တန်၊ ကြံ ၁၉၅ ဒသမ ၀၀ တန်၊ ရှောက်ကောသီးတန် ၇၂ ဒသမ ၅၀၊ သီဟိုဠ်စေ့ ၈၀ ဒသမ ၀၀ တန်နှင့် ပဲနီကြီး ၂၅ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ဂျပ်ဖာ ၃၃ ဒသမ ၀၀ တန်၊ ပီနံအိတ်တန် ၃၇ ဒသမ ၅၀၊ တစ်သျှူးလိပ် ၁၀ ဒသမ ၀၀ တန်၊ ဖော့ ၂ ဒသမ ၀၀ တန်၊ သံပိုက်/သံချောင်း ၁၀၁ ဒသမ ၀၀ တန်၊ ပလတ်စတစ်လိပ်တန် ၁၆ ဒသမ ၈၀ နှင့်ကုန်စုံ ၂၂၁ ဒသမ ၀၀ တန် တင်သွင်းနိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၂၆ ရက်တွင် (၁) ယွမ်လျှင် ၄၆၅ ကျပ်ဖြစ်ကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ ၂၃၀၁၈ ဧက စိုက်ပျိုးထား

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်(မိုးနှောင်း) ချည်မျှင် ရှည်ဝါစိုက်ဧက ၂၃၀၁၈ ဧက စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၁၀၇၆၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၇၈၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၄ ၃၅၄ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ချည်မျှင်ရှည်ဝါတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခစရိတ်များအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ကုန်ကျ၍ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် ပိုးသတ်ဆေးပက်ဖျန်းပေးရကြောင်း၊ ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ပါက ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ (၇၀၀-၈၅၀)အထိ ထွက်ရှိနိုင်ကြောင်း၊ လက်ရှိအချိန်တွင် ကျောက်ဆည်ခရိုင်၌ ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးပြီးစီးကြောင်း ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## မြဝတီကုန်သွယ်ရေးဇုန် ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၆၅ သန်း ဆောင်ရွက်နိုင်ခဲ့



မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာသန်း ၄ ဒသမ ၄၆၀ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၀၅ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၆၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီ ကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်(ခြောက်) ဒေါ်လာ ၀ ဒသမ ၉၇၅ သန်း၊ ကြက်သွန်နီ ဒေါ်လာ ၀ ဒသမ ၇၉၈ သန်း၊ ချုပ်ပြီးအထည် ဒေါ်လာ ၀ ဒသမ ၁၅၆ သန်း၊ ဂေါ်ဖီထုပ် ဒေါ်လာ ၀ ဒသမ ၁၁၉ သန်း၊ ငရုတ်သီး(စိမ်း)အစို ဒေါ်လာ ၀ ဒသမ ၀၇၄ သန်း၊ ချင်းခြောက် ဒေါ်လာ ၀ ဒသမ ၀၀၉ သန်းနှင့် ဆံပင်ဒေါ်လာ ၀ ဒသမ ၀၀၈ သန်းတို့ ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ ဒေါ်လာ ၀ ဒသမ ၄၁၃ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၆၃ သန်း၊ ပုံနှိပ်စက္ကူများ ဒေါ်လာ ၀ ဒသမ ၁၂၈ သန်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၉၇ သန်း၊ ရေနံထွက်ပစ္စည်း ဒေါ်လာ၀ ဒသမ ၀၇၉ သန်း၊ အခြားစက္ကူများ ဒေါ်လာ ၀ ဒသမ ၀၅၆ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၅၅ သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၃၆ သန်း၊ ဆပ်ပြာ ဒေါ်လာ ၀ ဒသမ ၀၃၅ သန်းနှင့် သားရေ၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ ဒေါ်လာသန်း ၀ ဒသမ ၀၃၀ တို့ ဖြစ်သည်။

ပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၈ ဒသမ ၀၃ ကျပ်ဖြစ်ကြောင်း သိရသည်။

## ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်း ဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် တောင်ချောင်းဘက်ရှိ လိပ်ဒုံး၊ ပြောင်ကျ၊ ပယ်ကျ၊ ဒန်းကိုင်း၊ ထန်းတပင်၊ ရွှေစင်၊ အလယ်ရွာစသည့်ကျေးရွာများတွင် ပဲတီစိမ်းသီးနှံနှင့် မတ်ပဲသီးနှံများမှာ နိုဝင်ဘာလကုန်ပိုင်းမှစတင်၍ ထွက်ပေါ်လျက်ရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ကံမမြို့ ပဲသီးနှံပွဲရုံ၌ ဒီဇင်ဘာလ (တတိယပတ်) တွင် ပဲတီစိမ်းသီးနှံမှာ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ မှ ၉၀၀၀၀ ဖြင့် ယခင်အပတ်ထက် ငွေကျပ် ၂၂၅၀ ဈေးနှုန်းအနည်းငယ်မြင့်တက်၍ တစ်ရက်လျှင် အိတ်ရေ ၂၀ မှ ၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်ပဲ (ကိုင်း) သီးနှံမှာ ပိဿာ ၃၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၇၅၀ မှ ၁၄၀၂၅၀ ဖြင့် ယခင်အပတ်ထက် ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ဈေးနှုန်းအနည်းငယ် မြင့်တက်၍ တစ်ရက်လျှင် အိတ်ရေ ၈၀ မှ ၁၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း ကံမမြို့ရှိ ကုန်သည်တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

## ၂၇-၁၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၄၅၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၅၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | 3900(သစ်) | | ၆၂၀၀ | ၁၇၀၀၀ | ၅၅၅၀ | ၁၄၅၀၀ | 4200(သစ်) | ၁၈၀၀၀ | ၁၄၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | 4200(သစ်) | ၁၄၀၀၀ | ၁၃၀၀၀ | ၉၃၀၀ | ၇၃၀၀ | ၁၁၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၃၀၀ | ၄၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၄၀၀၀ | 3800(သစ်) | ၂၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၄၅၀၀ | ၂၇၅၀ | ၇၀၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၇၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၇၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀(သစ်) | | ၅၂၀၀(သစ်) | ၁၂၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | 3600(သစ်) | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | 4000(သစ်) | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၃၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၂၉၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ပလံ-ကော့ရေခါးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၇**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မာန်မြင့်ဟိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးသော ကော့ကရိတ်မြို့နယ် ကော့ပလံ-ကော့ရေခါးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး တည်နေရာ၌ ကျင်းပသည်။



လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သောလမ်းသည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး)လမ်းမှတစ်ဆင့် ဘားအံ-အိန္ဒူ-ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးသို့ ချိတ်ဆက်ထားသောလမ်းတစ်လမ်းဖြစ်သည့်အတွက် နယ်စပ်မြို့ဖြစ်သော မြဝတီမြို့သို့ အချိန်တိုအတွင်း သွားရောက်နိုင်ကာ ကုန်စည်စီးဆင်းမှုမြန်ဆန်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်၏ ခရိုင်ချင်းဆက်လမ်းမကြီးဖြစ်သော ကျော့ရွာ-ဝင်းစိန်-ဒေါ်လမ်း လမ်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့်အတွက်ဒေသခံပြည်သူများ၏စိုက်ပျိုးရေး၊မွေးမြူရေး သွင်းကုန်/ထုတ်ကုန်များ အလွယ်တကူသယ်ယူတင်ပို့နိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များ ကောင်းမွန်တိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးမြန်ဆန်ချောမွေ့လွယ်ကူစေခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် လမ်း၊ တံတားများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုပြီး လမ်း၊ တံတားများ ဖြစ်ထွန်းလာစေရန် အတူတကွပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌ စောထော့လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ကော့ပလံ - ကော့ရေခါးလမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မာန်မြင့်ဟိန်းကုမ္ပဏီက ၁၄ ပေ အကျယ် ကွန်ကရစ်လမ်း တစ်မိုင် တစ်ဖာလုံကို တင်ဒါအောင်မြင်ငွေကျပ် ၅၅၅ ဒသမ ၈၅၄ သန်းဖြင့် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအုပ်စုတစ်အုပ်စု၊ ကျေးရွာခြောက်ရွာကို အကျိုးပြုစေမည်ဖြစ်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကော့ပလံ-နောင်ဟင်လမ်းပေါ်တွင် ပေ ၁၂၀ ကွန်ကရစ်တံတားတစ်စင်း၊ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကော့ပလံ - နောင်ဟင် - ကော့ရေခါးလမ်းအား မြေသားလမ်းတစ်မိုင်နှင့် ကော့ပလံ-ခနိမ်းဖော်လမ်းကို ကတ္တရာလမ်းတစ်မိုင်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဘုရားကုန်း - မွန်စုလမ်းကို ကွန်ကရစ်တစ်မိုင် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ခနိမ်းဖော် - ကော့ပလံ - ကော့ရေခါး - နောင်ဟင်-မွန်စု- ဘုရားကုန်းလမ်း တစ်လမ်းလုံး ၁၀၀ ရာခိုင်နှုန်း ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တခေမာစာရအား သွားရောက်ဖူးမြော်ကြည်ညို၍ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၆၈၀၀၀၀၀ ၊ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ကော့ပလံဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသား ကျောင်းသူ ယဉ်ကျေးမှုမောင်မယ်ဒုံးအဖွဲ့များက ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်က ဒုံးအဖွဲ့များအတွက် ငွေကျပ်ငါးသိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဒေါက်တာ ချိုထွန်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဒေါက်တာ ချိုထွန်း၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအေး ကိုကိုစိုးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲစတင်ကျင်းပသည်။ ယခုပြိုင်ပွဲတွင် အမျိုးသားအသက် ၁၂ နှစ်အောက်သက်တမ်းတွင် ၁၁ ဦး၊ အသက် ၁၄ နှစ်အောက်သက်တမ်းတွင် ၁၉ ဦး ၊ အသက် ၁၈ နှစ်အောက်သက်တမ်းတွင် ၁၆ ဦးနှင့် အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းတွင် ၁၀ ဦး စုစုပေါင်း အားကစားသမား ၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

---

❒ *ကျောဖုံးမှ*

အက်စ်တွန်ဗီလာအသင်းသည် ဒုတိယပိုင်းတွင် မန်ယူအသင်း၏ ဖိအားပေးတုံ့ပြန်ကစားမှုအောက် ပုံစံကောင်းတချို့ပျောက်ဆုံးခဲ့ရပြီး သွင်းဂိုးများ ပြန်လည်ခွင့်ပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးများကို မက်ဂင်နှင့် ဒန်ဒွန်ကာတို့က သွင်းယူပေးပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ဂါနာချိုနှင့် ဟွိုက်လန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုး ရယူနိုင်ခဲ့သော ဟွိုက်လန်းသည် လိဂ် ၁၅ ပွဲတွင် ပထမဆုံးပရီမီယာလိဂ်ဂိုးကို ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲကစားပြီးချိန်တွင် နိုင်ပွဲ ၁၀ ပွဲနှင့်အတူ ရမှတ် ၃၁ မှတ် ရရှိလာပြီဖြစ်သည်။ ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းက ယခုပွဲ ရှုံးနိမ့်ခဲ့သော်လည်း ၁၉ ပွဲကစားပြီး နိုင် ပွဲ ၁၂ ပွဲနှင့်အတူ ရမှတ် ၃၉ မှတ်ဖြင့် ဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ် ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပဆင-သလိပ်ကြီး-တူးမြောင်း-ဂျိုဝါကြံခင်း လမ်းပေါ်ရှိ ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်း၊ ကဇောင်း-ပုလဲကျေးရွာဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၂ ရက်၌ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ်မှ စစ်ဆေးရေးအရာရှိ ဦးရဲခေါင်ထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နတ်တော်လ

**မောင်လူမွေး(မြန်မာမှု)**

နတ်တော်လကို ပုဂံခေတ်ထိုးကျောက်စာများတွင် နတ်တာဝ်လ (ပုဂံပြတိုက်ကျောက်စာ အမှတ်-၁၂၊ သက္ကရာဇ် ၅၅၀ (အေဒီ-၁၁၈၈)၊ နတ်တစ်လ (မဟာသေနာပတိ အနန္တသူရမောင်နှံကျောက်စာ (သက္ကရာဇ်-၅၈၅)၊ နတ္တာဝ်လ (ငါမြတ်သင် ကျောက်စာ၊ သက္ကရာဇ်-၅၈၇) စသည်တို့တွင် နတ်တောဝ်လ၊ နတ်တစ်လ၊ နတ္တာတ်လ၊ နတ္တ်ဝ်လဟု ရေးထိုးကြရာ မြန်မာစာပေအရေးအသား မတည်ငြိမ်သေးသော သဘောကိုဆောင်သည့် စာလုံးပေါင်းများကို တွေ့ရပေသည်။ သက္ကရာဇ်- ၅၉၈ ခုထိုး ရာဇသူရသမီးမောင်နှံကျောက်စာတွင် နတ္တော်လ၊ သက္ကရာဇ်-၆၀၄ ခုထိုး ညောင်ရမ်းကြီးသမီးကျောက်စာတွင် “နတ်တော်လ” ဟု ပီပီပြင်ပြင်ရေးထိုးထားသည်ကို တွေ့ရပေသည်။

ပုဂံခေတ်ထက် ရှေးကျသော ပျူခေတ်ဆယ့်နှစ်လရာသီ အရေးအသားများကို ဖော်ပြရာတွင် “တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို” ဟု မရေးဘဲ “(၄၁-ခု၊ ၇ လ၊ ၉ ရက်)တွင် ဟရိဝိတြမမင်း နတ်ရွာစံသည်၊ သက်တော် (၇၅ နှစ်၊ ၂ လ၊ ၂၄ ရက်)။ (၄၄-ခု၊ ၉ လ၊ ၂၀ ရက်)တွင် သိဟဝိကြမမင်း နတ်ရွာစံသည်။ သက်တော် ၈၀ နှစ်” စသည်ဖြင့် ရေးသားကြောင်း ပျူစာပေသုတေသီ ဆရာဌေးဝေ၏ ရေးသားချက်ကို တွေ့ရလေသည်။ ဆိုလိုသည်မှာ နတ်တော်လဟု မရေးဘဲ ၉ လ ဟု ရေးသားကြောင်း သုတအနေနှင့် သိရပါသည်။

နတ်တော်လဝေါဟာရမှာ “နတ်များကို ပူဇော်သောလ” ဟု အဓိပ္ပာယ်ရလေသည်။ သသ်ကရိုက်ဘာသာ “နာတ်” ပါဠိဘာသာ “နာထ”မှ ပါဠိပျက်အနေနှင့် “နတ်” ဖြစ်လာပေသည်။ အဓိပ္ပာယ်မှာ “အရှင်၊ သခင်၊ အကြီးအကဲ၊ စောင့်ရှောက်သူ” ဟောပုဒ်ဖြစ်လေသည်။ လောကနတ်၊ နတ်လူပြဟ္မာ၊ သိကြားနတ်၊ အိမ်ဦးနတ်၊ မီးနတ်၊ လေနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ၃၇-မင်း နတ်များအထိ အကျုံးဝင်လေသည်။

### ခေါ်ဝေါ်လာကြ

“တော်” မှာ “မြင့်မြတ်၊ ကြီးကဲ၊ အရှင်သခင်၊ စိုးပိုင်” ဟူသောအဓိပ္ပာယ်ကို ဆောင်ပေသည်။ ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်းနှင့်သော်လည်းကောင်း၊ ကြီးကဲမြင့်မြတ်သူများနှင့် ဆက်စပ်ပါက “တော်”ကိုသုံးကြလေသည်။ ထို့ကြောင့် နတ်ကိုပူဇော်သော အကြောင်းအရာကို အကျဉ်းအနေနှင့် “နတ်တော်” ဟု ခေါ်ဝေါ်လာကြလေသည်။

ကုန်းဘောင်ခေတ်နှောင်းတွင် ထင်ရှားခဲ့သော လှေအသင်းအတွင်းဝန် ဦးခြိမ့်၏ (ယနေ့ခေတ် ရေတပ် ဦးစီးချုပ်)ဝေါဟာရတ္ထလီနတ္ထဒီပနီကျမ်းတွင် နတ်တော်လ နတ်ပူဇော်ပွဲတွင် မဟာပိန္နဲနတ်ကို ပူဇော်ခြင်း၊ မဟာဂီရိနတ်မောင်နှမကို ပူဇော်ခြင်းဟု နှစ်မျိုး ပြဆိုလေသည်။ ထိုအဆိုနှစ်ရပ်အနက် ဒုတိယအဆိုကိုသာလျှင် ရာဇဝင်လာအရ ကျန မှန်ကန်သည်ဟု ဝန်ကြီးက လက်ခံလေသည်။ မဟာပိန္နဲနတ်ပူဇော်ပွဲမှာ ဟိန္ဒူနည်းစနစ်ဖြစ်၍ ပယ်လုပဟန်တူပေသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်လယ်တွင် ထင်ရှားခဲ့သော သာသနာပိုင် မောင်းထောင်ဆရာတော်ကို ဘိုးတော်ပဒုံမင်းတရားက မေးလျှောက်တော်မူသော အမေးတော်ဖြေကျမ်းတွင် ထင်ရှားပေ၏။ (သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလအကြောင်းအရာတွင် အမြွက်မျှဖော်ပြခဲ့ပေပြီ)

### နတ်ပူဇော်ပွဲ နှစ်မျိုးကို အကျဉ်းချုပ်ဖော်ပြ

ဤ၌ ထိုနတ်ပူဇော်ပွဲ နှစ်မျိုးလုံးကိုပင် အကျဉ်းချုပ်ဖော်ပြပါမည်။ မဟာပိန္နဲနတ်မင်းမှာ ဟိန္ဒူများကိုးကွယ်သည့် နတ်ဘုရားငါးပါးအနက် တစ်ပါးအပါအဝင်ဖြစ်၏။ ပရမီသွာ နတ်မင်းကြီး၏မိဖုရားဟာရီနီ ဥမ္မာဒေဝီမှ ဖွားမြင်သော သားဖြစ်၏။ ဖခင်ပရမီသွာနတ်မင်းနှင့်တူ၍ ကွဲပြားခြားနားစေရန် လည်ပင်းတွင် ဆည်းလည်းဆွဲထား၏။ စန္ဒကုမာရဟု အမည်တွင်၏။ ဥဒေါင်းယဉ်စီး၏။ ဇမ္ဗူဒိပ်တောင်မျက်နှာအရပ်၊ မြောက်အရပ်နှင့် စိန့်တိုင်း (ယခုခေတ် = China) ကို ပိုင်ဆိုင်သည်။ တန်ဆောင်မုန်းလတွင် မွေးဖွားသည်။ အစွယ်တစ်ချောင်းရှိသည်။ ဆင်မျက်နှာနှင့်တူသည်။ လုံ့လက်နက်စွဲကိုင်ကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်၌ ဖွင့်ဆို၏။ အမရကောသအဘိဓာန်ကျမ်းတွင်လည်း မဟာပိန္နဲနတ်၏ အမည်ပွား ၈ မျိုးကိုပြ၏။ ဟိန္ဒူဘုရားကျောင်းများတွင် တွေ့မြင်နိုင်ပါ၏။

ဤ၌ တင်ပြလိုရင်းမှာ ထိုဟိန္ဒူနတ်ဘုရားပရမီသွာကို ပူဇော်ခြင်း၌ ဗုဒ္ဓဘာသာ ပိဋကတော်လာ ဓမ္မကြောင်းများနှင့်ဆက်နွှယ်သော မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပေ။ ဟိန္ဒူဗြဟ္မဏပုဏ္ဏားတို့က ဘုရင်၏လောကီအကျိုးကို ရည်ရွယ်၍ ပြုသောအစီအမံများသာ ဖြစ်ပေသည်။

### နတ်တော်လကို မဟာပိန္နဲနတ်ပူဇော်ပွဲဟုတွင်

ဘိုးတော်ဘုရားလက်ထက် (အဂ္ဂမဟာဇာဂရုဗြဟ္မဏပုဏ္ဏားဆရာကြီး) မဟာပိန္နဲနတ်ကို နတ်တော်လတွင် ပူဇော်ခြင်းမှာ ရာဇမတ္တဏ်ကျမ်းနှင့်မညီ၍ တန်ဆောင်မုန်းလ၌ ကျင်းပရန် လျှောက်ထားရာ သက္ကရာဇ် ၁၁၇၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇-ရက် (၈-၁၁-၁၈၁၁) အင်္ဂါနေ့တွင် နာခံတော်ဇေယသင်္ခယာက နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပြုလုပ်ရန် မင်းမိန့်ကိုထုတ်ပြန်လေသည်။ ထိုသို့ မင်းမိန့်ထုတ်ပြန်သော်လည်း နတ်တော်လကိုသာ စွဲနေကြပြီး နတ်တော်လ မဟာပိန္နဲနတ်ပူဇော်ပွဲဟု တွင်နေပေသည်။

ဤသည်ကို ရည်ရွယ်၍ လှေအသင်းအတွင်းဝန်ဦးခြိမ့်က ဤမဟာပိန္နဲပူဇော်ပွဲသည် အဓိကမဟုတ်ကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ အဓိက မဟုတ်ဆိုသော်လည်း ပွဲတော်ကြီးအနေနှင့် တန်ဆောင်မုန်းလတွင်ဖြစ်စေ၊ နတ်တော်လတွင်ဖြစ်စေ မလုပ်ကြသော်လည်း ကုန်းဘောင်ခေတ်ဦးမှ ပင်ပေါ်ပေါက်ခဲ့သော ဘုရားကိုးဆူ ပူဇော်ပွဲတွင် မဟာပိန္နဲ ပါဝင်မြဲဖြစ်ပေသည်။ ယိုးဒယားနှင့် ယဉ်ကျေးမှုကူးလူးဆက်ဆံခြင်းတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။

နတ်တော်လပွဲတော်ဆိုင်ရာတွင် ပုဂံခေတ်သေလည်ကြောင်မင်းလက်ထက် မဟာဂီရိနတ်မောင်နှမကို ပုပ္ပားတောင်သို့တက်၍ နှစ်စဉ်ပူဇော်ပသသည်မှစ၍ ဖြစ်ပေါ်လာသည်ဟု အဆိုရှိပြန်သည်။

### နတ်ကွန်းဆောက်ပူဇော်

ပုဂံခေတ် သက္ကရာဇ် ၂၆၆ ခုနှစ်တွင် သေလည်ကြောင်မင်း နန်းတက်သည်။ ထိုခေတ်၌ တကောင်းမှ မျောလာသော စံကားပင်သည် ညောင်ဦးဆိပ်ကမ်းတွင် တင်နေသည်။ ထိုစံကားပင်ကို နတ်မောင်နှမအရုပ်ထုလုပ်၍ ကိုးကွယ်ရမည်ဟု အိပ်မက်မြင်မက်ရာမှ ရုပ်တုကိုးကွယ်ပြီး ပုပ္ပားတောင်တွင် နတ်ကွန်းဆောက်၍ ပူဇော်လေသည်။

တလုပ်မြို့စား သင်္ခါရာ၏ မဟာဥပရာဇ်ချောင်းတွင် “ဒွါဒသရ၊ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲစ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်ရှင့်” ဟု ဆိုသကဲ့သို့ “နတ်ပျော်လ” မှ “နတ်တော်လ” ဟု ဖြစ်လာသည်။

အခြားအယူအဆတစ်ခုမှာ “နတ၊ နတိ၊ နတ္တိ၊ ကိုင်းညွတ်ခြင်း အလွန်ကွေးတွန့်ခြင်း” “အဝနတော = အလွန်ကွေးတွန့်သော”၊ “နတ္တ = ညည့်” အဓိပ္ပာယ်မှ အလွန်ချမ်းအေးလှသောကြောင့် ခန္ဓာကိုယ်ကွေးညွတ်နေရသော “လ” ဟုဆိုလိုသည်။ “နတော” “နတိ”မှ “နတ်တော်လ” ဖြစ်လာသည်ဟု ဝေါဟာရလီနတ္ထကျမ်းတွင် အယူအဆတစ်မျိုးပြထားသည်။ ဝေါဟာရစီးဆင်းမှု ပါဠိပျက် ပါဠိသက် ရေးသားမှုတို့၏ ရေစီးကြောင်းအရ မဖြစ်တန်ရာပေ။

မံသီရိ ဓာရေတီတိ=မန္တရေ=မန္တလေး။ (မံသီရိ=ကျက်သရေကို ဓာရေတိ = ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မန္တရေ=မန္တလေးမည်၏။) မဂ္ဂဇိနာ တီတိ မဂ္ဂဇိန်=မဂ္ဂဇင်း (မဂ္ဂ=ဘဝလမ်းခရီးကို ဇိနာတိ=အောင်စေတတ်၏၊ အောင်နိုင်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မဂ္ဂ ဇိနာ=မဂ္ဂဇိန်မည်၏။) ဟု ဝိဂြိုဟ်ဆို၍ ဝေါဟာရအတင်းကြံဆမှုများလည်း ရှိကြသည်။ ဖော်ပြပါ **“နတ၊ နတိ၊ နတ္တိ”** ပါဠိမှ **“နတ်တော်”** ဝေါဟာရဖြစ်ပေါ်လာသည် ဆိုသည်မှာ “ပရိကပ္ပ = ကြံဆမှု၊ လိုရာဆွဲယူမှု” သာ ဖြစ်ပေသည်။

### မဟာဂီရိနတ်ပူဇော်မှု ပုဂံခေတ်ကပင် ထွန်းကား

မည်သို့ဆိုစေ နတ်တော်လသည် ပုဂံခေတ်မှ ပင်လျှင် တည်ရှိခဲ့သော ဝေါဟာရဖြစ်သည်။ မှန်နန်းရာဇဝင်တွင် “ဥဇနာမင်းကြီးသည် နတ်တော်လ ရောက်လတ်သော် မင်းတကာတို့ ပုပ္ပားတောင်သို့ တက်မြဲဖြစ်၍ မဟာဂီရိနတ်မောင်နှမကို ပူဇော်အံ့ငှာ တက်လေလျှင် ဆိတ်ထိန်းကမ်းဖြူရွာမှာ မြတ်လေး တစ်ပင်၌ ပန်းသုံးမည်ပွင့်သည်ကို ကြားတော်မူ၍ ရှုစားတော်မူမည်ဟု ဝင်တော်မူလေသော် ပန်းသီတံနှင့် ပန်းစိုက်၍နေသော မိန်းမငယ်ကို မြင်လျှင် မြတ်သောအဆင်းနှင့်ပြည့်စုံသသူ ဖြစ်သောကြောင့် ကောက်ယူတော်မူလေ၏။” ဟု ပါရှိသဖြင့် မဟာဂီရိနတ်ပူဇော်ပသမှုကား ပုဂံခေတ်ကပင် ထွန်းကားလျက်ရှိနေပြီဟု ဆိုရပေမည်။

*စာမျက်နှာ ၁၇ သို့*

✻ ဟိန္ဒူမဟာပိန္နဲနတ်ပူဇော်ခြင်းထက် မဟာဂီရိနတ်ပူဇော်ခြင်းက ပို၍ရှေးကျသည်ကို တွေ့ရပေသည်။ ပုပ္ပားနတ်တောင်လင်္ကာသည် ထင်ရှား၏။ အများသိကြသည့်အတိုင်း မင်းမဟာဂီရိနတ် မောင်တင့်တယ်သည် ဖိုကျင်ထိုး မီးတိုက်သတ်၍ အစိမ်းသေရသည်။ မြန်မာ့ဆေးနည်းအရ မီးပူလောင်နာဖြစ်သော အခါအပူငြိမ်းစေရန် အုန်းစိမ်းရည်တိုက်ရသည်။ ငှက်ပျောရွက်ခင်း၍ အိပ်ရသည်(သို့) ငှက်ပျောဖတ်နှင့် အုပ်ရသည်။ ဤသည်မှစ၍ ပူဇော်ပသမှုတွင် ငှက်ပျော်ပွဲ၊ အုန်းပွဲစတင်လာသည်ဟု ယူဆနိုင်သည်။

✻ ပါချုပ်ဆရာတော်ကြီး မိန့်ဆိုချက်အရ ငှက်ပျောသီး၊ အုန်းသီးများသည် ဆယ့်နှစ်လရာသီတွင် အခါမရွေးရရှိနိုင်သောအရာများဖြစ်သည်။ ထို့ကြောင့် ပူဇော်ပွဲများတွင် ငှက်ပျောပွဲ၊ အုန်းပွဲများကို အသုံးပြုကြသည်ဟုလည်း ဆရာတော်ကြီး သုံးသပ်ချက်ကို နာကြားဖူးပါသည်။ ထိုနတ်ပူဇော်ပွဲမှစတင်၍ ငှက်ပျောပွဲ၊ အုန်းပွဲများသည် မြန်မာ့ရိုးရာဓလေ့တွင် ဆက်နွှယ်ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပေသည်

“နတ်တော်လအခြားပွဲတစ်ခုမှာ ဆင်ဖမ်းပွဲဖြစ်သည်။ ပွဲသဘင်ဆိုသော်လည်း ၁၂ လ ရာသီပွဲများကဲ့သို့မဟုတ်ပေ။ ဆင်အကြောင်း၊ ဆင်ဖြူတော်အကြောင်းများကို ရှေးစာဆိုတော်များရေးကြသည့် ကျမ်းစာပေ၊ ပျို့ကဗျာ၊ လင်္ကာများရှိပေသည်။ ဂဇသျှတ္တရကျမ်း မုံရွေး ဇေတဝန်ဆရာတော်၏ ဥတေနပျို့၊ ရွှေနန်းကြော့ရှင်ဘုရင် နရပတိမင်းလက်ထက် ရှင်ထွေးညိုဆိုဖွဲ့သော ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ အနောက်ဖက်လွန်မင်းကြီးလက်ထက် ရှင်သံကို ရေးဖွဲ့သော ရတနာပြောင်မွန် ဆင်တော်မော်ကွန်း၊ ငစဉ့်ကူးမင်းလက်ထက်အတွင်းဝန်ထောက်မောင်ညိုဖွဲ့ဆိုသော ရွှေမင်းဖုန်း ဆင်တော်မော်ကွန်း၊ ဘိုးတော်မင်းတရားကြီးလက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူဆိုဝရသေတဂီရိ ဆင်တော်မော်ကွန်း စသည့် စာပေများမှာ ထင်ရှားပါ၏။ ရှေးခေတ်ကစစ်အင်အားတွင် ဆင်တပ်သည် အလွန်အရေးပါလှပေ”

# ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးမှုခံယူတော်မူသော ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၂၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့သည် ယမန်နေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးမှု ခံယူတော်မူသော ဆရာတော် ရှစ်ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ကို သွားရောက်အားပေးကြည်ညိုခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်တို့သည် နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ခံယူတော်မူသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး နှစ်ပါး၊ နေပြည်တော်တိုင်း သံဃနာယကဆရာတော်ကြီး တစ်ပါး၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး နှစ်ပါး၊ နေပြည်တော်တိုင်း ဘုန်းတော်ကြီးပညာသင်ကြားမှုကြီးကြပ်ရေး ဆရာတော် တစ်ပါး၊ စုစုပေါင်းဆရာတော်ကြီး ခြောက်ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးများ၏ ကျန်းမာရေးစစ်ဆေးပေးမှုအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးရန် မှာကြားသည်။

ဆေးစစ်ရန် ဆရာတော်ကြီးများအနက် ဆရာတော်ကြီး နှစ်ပါးသည်ဆေးရုံသို့လာရောက်နိုင်ခြင်း မရှိသဖြင့် အဆိုပါဆရာတော်ကြီးများအား မိမိတို့ကျောင်းတိုက်၌ သီးခြားရက်ချိန်းဖြင့် ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) ပြုလုပ်ပေးသွားမည်ဖြစ်သည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် အခမဲ့ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ထွက် မိုးစပါးများ သမဝါယမ ဝယ်ယူ

မော်လမြိုင် ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ တန် ၉၀ ကျ ဆန်စက်အတွက် စပါးဝယ်ယူကြိတ်ခွဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး သထုံမြို့နယ်ရှိ သမဝါယမ အသင်းသားများနှင့် တောင်သူများ၏ လယ်ယာမြေများမှ ထွက်ရှိသည့် မိုးစပါးများကို သထုံမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ချိတ်ဆက်၍ စပါးတင်း ၅၅၀ ကို ဒေသပေါက်ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များမှ ထွက်ရှိသည့်စပါးများ ဝယ်ယူနိုင်ရေး သမဝါယမအသင်းများနှင့် ချိတ်ဆက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ဟိန္ဒူမဟာပိန္နဲနတ်ပူဇော်ခြင်းထက် မဟာဂီရိနတ်ပူဇော်ခြင်းက ပို၍ရှေးကျသည်ကို တွေ့ရပေသည်။ ပုပ္ပားနတ်တောင်လက်ာသည် ထင်ရှား၏။ အများသိကြသည့်အတိုင်း မင်းမဟာဂီရိနတ်မောင်တင့်တယ်သည် ဖိုကျင်ထိုး မီးတိုက်သတ်၍ အစိမ်းသေရသည်။ မြန်မာ့ဆေးနည်းအရ မီးပူလောင်နာဖြစ်သောအခါ အပူငြိမ်းစေရန် အုန်းစိမ်းရည်တိုက်ရသည်။ ငှက်ပျောရွက်ခင်း၍ အိပ်ရသည် (သို့) ငှက်ပျောဖတ်နှင့် အုပ်ရသည်။ ဤသည်မှစ၍ ပူဇော်ပသမှုတွင် ငှက်ပျော်ပွဲ၊ အုန်းပွဲစတင်လာသည်ဟု ယူဆနိုင်သည်။ ပါချုပ်ဆရာတော်ကြီး မိန့်ဆိုချက်အရ ငှက်ပျောသီး၊ အုန်းသီးများသည် ဆယ့်နှစ်လရာသီတွင် အခါမရွေး ရရှိနိုင်သောအရာများဖြစ်သည်။ ထို့ကြောင့် ပူဇော်ပွဲများတွင် ငှက်ပျောပွဲ၊ အုန်းပွဲများကို အသုံးပြုကြသည်ဟုလည်း ဆရာတော်ကြီး သုံးသပ်ချက်ကို နာကြားဖူးပါသည်။ ထိုနတ်ပူဇော်ပွဲမှစတင်၍ ငှက်ပျောပွဲ၊ အုန်းပွဲများသည် မြန်မာ့ရိုးရာဓလေ့တွင် ဆက်နွယ်ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပေသည်။

### အိမ်တွင်းမင်းမဟာဂီရိ ယုံကြည်ကိုးကွယ်မှုဖြစ်ပေါ်လာ

မြန်မာ့သမိုင်းစဉ်တွင် နတ်ပူဇော်မှုနှင့် ပတ်သက်၍ ပုဂံခေတ်အနော်ရထာမင်း၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၏ "သံဝေဂခန်းပျို့"၊ ရှင်မဟာရဋ္ဌသာရ၏ "ဘူရိဒတ် ဇာတ်ပေါင်းပျို့"၊ ဟံသာဝတီ ဆင်ဖြူရှင်ခေါ် ဘုရင့်နောင်၏ အမိန့်တော်ပြန်တမ်း အကြောင်းအရာများသည် နတ်ကိုးကွယ်မှုနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုကို ဖြစ်စေခဲ့သည့် အကြောင်းခြင်းရာများဖြစ်ပေသည်။ အနော်ရထာမင်းမတိုင်မီက ပုပ္ပားမင်းမဟာဂီရိ အပါအဝင် နတ်ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးရှိခဲ့ကြသည်။ အနော်ရထာမင်းလက်ထက်ရောက်သောအခါ ထိုယုံကြည်ကိုးကွယ်မှု နတ်အမျိုးမျိုးကို မင်းမိန့်ဖြင့် ရွှေစည်းခုံစေတီ အနီးတွင် သံကြိုးဖြင့် ချည်တွဲကာထားလေသည်။ ထိုနေရာကို နတ်လှောင်ကျောင်းဟုလည်းကောင်း၊ တချို့က နတ်လျှောင်းကျောင်းဟုလည်းကောင်းခေါ်ဆိုကြ၏။ ပုဂံသူ၊ ပုဂံသားတို့၏ ယုံကြည်ကိုးကွယ်မှုကို ယတိပြတ်ဖြတ်ခြင်းမျိုး မဟုတ်ဘဲ အုန်းသီးပူဇော်မှုကို ခွင့်ပြုတန်သလောက်ခွင့်ပြုခဲ့လေသည်။ ထိုကို အကြောင်းပြု၍ အိမ်တွင်းမင်းမဟာဂီရိ ယုံကြည်ကိုးကွယ်မှု ဖြစ်ပေါ်လာခဲ့လေသည်။

အင်းဝခေတ်တွင် နတ်ကိုးကွယ်မှုနှင့်အတူ ကြက်၊ ဝက် ပူဇော်မှုများ ပြန်လည်ထွန်းကားလာကြောင်းကို ရှင်မဟာသီလဝံသ၏ သံဝေဂခန်းပျို့၌ "...မြတ်နိုးနှစ်သစ်၊ အနက်အနီ၊ အတီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနဲ့ခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ ငနတ်တို့ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝတ်လွတ်ကင်း၊ မရှိလျှင်တည့်..." ဟု ရေးသားထားချက်ရှိလေသည်။ ထို့အတူ ရှင်မဟာရဋ္ဌသာရ ဆရာတော်ကလည်း... ကိုးခန်းပျို့တွင် –

"...နတ်ကုစုန်းရွှယ်၊ အကယ်ကယ်သို့၊ ရယ်ဖွယ်ဖို့ကြီး၊ မရှက်သီးဘဲ၊ ကန္တားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်းသီးပန်းနက်၊ ဆင်ကာရစ်လျက်၊ လက်ယှက်လက်ဝန်း၊ တဖျင့်သန်းတည့်၊ သွမ်းမှန်းမသိ၊ မျက်စိသလည်၊ နတ်ရှုးသည်ဟု၊ မတည်မတံ့၊ လွင့်ပျံ့နှလုံး၊ သူမိုက်ဆုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည်..." ဟု ရေးသားထားလေသည်။ သို့သော်လည်း မင်းမိန့်မဟုတ် ဤနောင်ခေတ်တဖြည်းဖြည်းနှင့် ချဲ့လာဟန်တူပေသည်။ ဇာတ်တော်ထဲက ယဇ်ပူဇော်ပွဲမျိုးကဲ့သို့ ဖြစ်လေဟန်တူပေသည်။

### အနီရောင်ကို နတ်ဆက်သမှုတွင်သုံးစေခဲ့

မင်းမဟာဂီရိကို ကွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ဝက်ဖြူ၊ ကြက်ဖြူများသတ်၍ သေရည်သေရက်များနှင့် တစ်နှစ်တစ်ကြိမ် ပူဇော်ကြသည်။ ထိုသတ်၍ ယဇ်ပူဇော်ထားသော တိရစ္ဆာန်ခေါင်းခွံများကို အိမ်ရှေ့နတ်တိုင်တွင် ဆွဲထားကြသောဓလေ့ကို မင်းမိန့်ဖြင့် ပြန်တမ်းထုတ်၍ တားမြစ်ခဲ့သည်။ တိရစ္ဆာန်များကို ပူဇော်ရာ၌ အဖြူရောင်ကိုသုံးခြင်းမှာ မင်းမဟာဂီရိသည် မီးအပူရောင်၊ အနီရောင်နှင့် ဆက်စပ်သေဆုံး၍ တိရစ္ဆာန်အဖြူရောင်များကိုသာ ယဇ်ကောင်အဖြစ် အသုံးပြုခြင်းဖြစ်သည်။ ထိုကို အကြောင်းပြု၍လည်း မီးဖြင့်ပြုလုပ်သော အစာအာဟာရများကိုမသုံးဘဲ အသီးအနှံများကိုသာသုံးရန် သိမ်းသွင်း၍ ပြည်သူ့အကြိုက် စည်းရုံးသိမ်းသွင်းခဲ့သည်။ အနီရောင်ကို ဥပါဒါန်မစွဲဘဲ အနီရောင်သုံးရန်ကိုလည်း စည်းရုံးသည့်သဘောဖြင့် နတ်ဆက်သမှုတွင် သုံးစေခဲ့သည်ဟု သုံးသပ်ရာ၏။

ပုဂံခေတ် အနော်ရထာလက်ထက်တွင် တိရစ္ဆာန်များဖြင့် နတ်ပူဇော်သောဓလေ့သည် တိမ်မြုပ်သွားသော်လည်း နောက်ပိုင်းတစ်စစ ထိုဓလေ့များ ပေါ်လာသည်ကို ဘုရင့်နောင်လက်ထက်တွင် ပြန်လည်နှိမ်နင်းရလေသည်။

ခေတ်စနစ်များ မည်သို့ပြောင်းစေ ယုံကြည်ကိုးကွယ်မှုဆိုသောအရာသည် ရှိနေဦးမည် ဖြစ်ပါသည်။ စာဆိုတော် စိန္တကျော်သူဦးဩ ကမူ ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်းတွင် "အိပ်လိုရဟန်း၊ စားလိုမှန်း၊ ပုဏ္ဏားလုပ်ပါလေ" ဟု ကြားခဲ့၏။ ပုဏ္ဏားဆိုသည် နတ်ဝင်သည်၊ နတ်ပူဇော်သူဟု ဆိုလိုပေသည်။ မလွန်ကဲရန်သာ စောင့်ထိန်းရပေမည်။ ရိုးရာဓလေ့ကမူ ရှိမြဲရှိနေပါမည်။ ပုပ္ပားနတ်တောင်မှ ဂရိအိုလံပစ်တောင် ဇုနတ်မင်း ဗီးနပ်၊ အဖရိုဒိုက်၊ အီလီယက်နတ်တို့ထံ မရောက်သွားဖို့ အရေးကြီးပေသည်။

### စစ်အင်အားတွင် ဆင်တပ်သည် အလွန်အရေးပါ

နတ်တော်လအခြားပွဲတစ်ခုမှာ ဆင်ဖမ်းပွဲဖြစ်သည်။ ပွဲသဘင်ဆိုသော်လည်း ၁၂ လ ရာသီပွဲများကဲ့သို့မဟုတ်ပေ။ ဆင်အကြောင်း၊ ဆင်ဖြူတော်အကြောင်းများကို ရှေးစာဆိုတော်များ ရေးကြသည့် ကျမ်းစာပေ၊ ပျို့ကဗျာ၊ လင်္ကာများရှိပေသည်။ ဂဇသျှတ္တရကျမ်း မုံရွေး ဇေတဝန်ဆရာတော်၏ ဥတေနပျို့၊ ရွှေနန်းကြော့ရှင်ဘုရင် နရပတိမင်းလက်ထက် ရှင်ထွေးညို ဆိုဖွဲ့သော ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ အနောက်ဖက်လွန်မင်းကြီးလက်ထက် ရှင်သံကိုရေးဖွဲ့သော ရတနာပြောင်မွန်ဆင်တော်မော်ကွန်း၊ ငစဉ့်ကူးမင်း လက်ထက်အတွင်းဝန်ထောက်မောင်ညိုဖွဲ့ဆိုသော ရွှေမင်းဖုန်းဆင်တော်မော်ကွန်း၊ ဘိုးတော်မင်းတရားကြီးလက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူဆိုဝရသေတဂီရိ ဆင်တော်မော်ကွန်း စသည့်စာပေများမှာ ထင်ရှားပါ၏။ ရှေးခေတ်က စစ်အင်အားတွင် ဆင်တပ်သည် အလွန်အရေးပါလှပေ၏။

စစ်လျှင်ထောင်မှူးရှင်ထွေးညို၏ ရွှေစာတိုင်ဆင်တော်မော်ကွန်းမှာ ဆင်ရှာရန်သွားသော လမ်းခရီးစဉ်တွင် ဥတေန(ဥဒိန်နတ်) နတ်ပူဇော်ပုံ–မင်းနေပြည်တော်မှ စကု စလင်း၊ ထိုမှတစ်ဆင့် ရခိုင်ရိုးမကိုကျော်၍ မအီ အမ်းဒေသအထိ ရောက်ရှိပုံပြီးမြောက်၍ ဘုရင်မှ ဆုတော်၊ လာဘ်တော်ချီးမြှင့်သည်အထိ အသေးစိတ် ရေးဖွဲ့ထားခြင်းဖြစ်သည်။

နတ်တော်လတွင် ရှေးအခါက ဘွဲ့ထူးဂုဏ်ထူး ဖျဉ်ထပ်မင်္ဂလာပွဲ သဘင်အခမ်းအနားလည်း ရှိပေသေးသည်။ ဤသည်ကို...

"...လက်ရုံးနှလုံး၊ မင်းသုံးထိုက်တန်၊ သတ္တိမာန်ဖြင့်၊ ဉာဏ်နှင့်ရဲစွမ်း၊ ချင့်စုံစမ်းပြီး၊ မှူထမ်းရာထမ်း၊ ဝေခွဲခြမ်း၍၊ ပွဲလမ်းရသည်၊ ဂုဏ်စွမ်းရည်တိုင်း၊ ဘွဲ့မည်သညာ၊ နေရာဆောင်ယွက်၊ ထီးရွှေရွက်နှင့်၊ နှစ်သက်ကြည်နူး၊ ခြီးကြူးမြှောက်ဘိ၊ ရှုမျှော်သိလော့၊ ထုံးယို စဉ်လာ..." ဟု မဃဒေဝတွင် ဖော်ပြထားလေသည်။ ဖော်ပြပါနတ်တော်လတွင် ဆုနှင်းသဘင် ဂုဏ်ရည်ပွဲများ အစဉ်အဆက် ကျင်းပမှုသည် ကိုလိုနီခေတ်ရောက်သွားသောအခါ လုံးဝတိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

### ပထမအကြိမ် စာဆိုတော်နေ့ကျင်းပခဲ့

လွတ်လပ်ရေးရပြီးနောက် စာဆိုတော် ဦးပုညကို အကြောင်းပြု၍ ထိုပွဲသဘင်မျိုး တစ်ဖန်ဖြစ်ပေါ်လာသည်။ စာဆိုတော်နေ့ အမည်တွင်သည်။ အစတွင် ဦးပုညမွေးနေ့ဖြစ်သော ကဆုန်လဆန်း ၃ ရက်ကို ကျင်းပသော်လည်း နောက်ပိုင်းတွင် ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက်၊ ၁၉၄၄ ခု၊ နိုဝင်ဘာ ၁၅ ရက်တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့ကြသည်။

ထိုမှစတင်၍ စာဆိုတော်နေ့ကို အစဉ်အဆက် ကျင်းပလာခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်ခေတ်ဖြစ်နေသည်။ ဂျပန်ခေတ်ကာလအလွန်ခက်ခဲသော အချိန်တွင် ပြုလုပ်ခဲ့ကြရသည်။ ယခုနှစ်သည် နှစ်ပေါင်း ၇၉ နှစ်ရှိပြီး နောင်နှစ်တွင် စာဆိုတော်နေ့ နှစ် ၈၀ ပြည့် ဖြစ်တော့မည်။

နတ်တော်လပြည့်နေ့ကို ပိဋကတ်စာပေပညာရှင်ကြီးများ ပူဇော်သည့်အနေနှင့် "ဓမ္မစာဆိုတော်နေ့" အဖြစ် မင်္ဂလာဗျူဟာ အသင်းချုပ်ကြီးမှ ၁၃၇၇ ခု နတ်တော်လပြည့်နေ့ (၁၇–၁၂–၁၉၇၅) မှ စတင်၍ ကျင်းပလာခဲ့လေသည်။ ဤနှစ်ဆိုလျှင် ၄၈ နှစ်ပြည့်ခဲ့လေပြီ။ နတ်တော်လ၏ ကောင်းမွန်သော မြန်မာမှုများကို ရှေ့သို့ လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ကြပါစေ ဟူသော ဆန္ဒဖြင့် နိဂုံးချုပ်အပ်ပါသည်။ ။

# ပျော်မဆုံး မော်မဆုံး ဘောလုံးကစားကြမည်

အားကစားဝါသနာရှင်တစ်ဦး

**ပလတ်စတစ်ဘောလုံးလေးတစ်လုံး ကျွန်တော်ရှိရာသို့ ဝဲပျံလာသည်။ စက်ဘီးကို အသာထိန်းရင်း ခြေတစ်ဖက်ကို ပင့်မြှောက်၍ ဘောလုံးလာရာလမ်းအတိုင်း အသာအယာ ပြန်ကန်ပို့ပေးလိုက်သည်။ “ဟာ”၊ မူလတန်းအရွယ်သားသားလေးနှစ်ဦး၏ အာမေဋိတ် အံ့သြသံနှင့်အတူ ချီးမွမ်းသံလေးတွေ ညံစီသွားသည်။ ပြီးတော့ သူတို့ ကျွန်တော့်ကို ငေးမောရင်း ကျန်ရစ်ခဲ့သည်။**




ကျွန်တော်တို့ငယ်စဉ်ကလည်း သည်လိုပင်။ လူကြီးတွေဘောလုံးကစားကြသည်ကို ညနေတိုင်း ကွင်းဘေးက ငေးမောကြည့်ရင်း အားကျနေမိသည်။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်တွင် ရွှေခေတ် လူကြီးလူငယ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများ၊ ပထမတန်းကစားသမားများ၊ ဝါသနာရှင် လူငယ်ကစားသမားများဖြင့် စုဖွဲ့မှုကောင်းသည်။ သူတို့က ညနေတိုင်းဘောလုံးကစားလေ့ရှိသည်။ ကျွန်တော်ကလည်း ကစားဖော်တွေစောင့်ရင်း အဖေဝယ်ပေးထားသည့် မော်ဘီဘောလုံးစက်ရုံထုတ် ၁၆ ကျပ် ပြား ၄၀ တန်း ဒဗလျူဘောလုံးလေးကိုပိုက်ရင်း ကွင်းဘေးက ထိုင်ကြည့်လေ့ရှိသည်။

### လက်ရွေးစင်များတက်လှမ်းနိုင်ခဲ့

သူတို့ထဲက ကမ္ဘာကျော်ဘောလုံးသမားကြီး မာရာဒိုနာနှင့် အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်က အစတူသည့် အစ်ကိုကြီးတစ်ဦးကို အလွန်သဘောကျခဲ့သည်။ Jumping အလွန်ကောင်းသည်။ Control အလွန်ညက်သည်။ Speed ကလည်း လှစ်ခနဲ၊ လှစ်ခနဲ။ မြန်မှမြန်။ သူဘောလုံးကစားပုံမှာ အမြဲကြွရှလို့နေသည်။ နောက်ပိုင်းတွင် ပထမတန်းဆိပ်ကမ်းကလပ်အသင်းတွင် သူပါဝင်ကစားခဲ့သည် အထိအောင်မြင်ခဲ့သည်။ အလားတူပင် ဝါရင့်ကစားသမားကြီးများနှင့်တွဲဖက်၍ လိုက်ပါကစားခဲ့ကြသော ဝါသနာရှင်လူငယ်အချို့မှာလည်း မြို့နယ်လက်ရွေးစင်၊ ရန်ကုန်တိုင်း လက်ရွေးစင်များအဖြစ် တက်လှမ်းနိုင်ခဲ့ကြပါသည်။

ရပ်ကွက်နေလူကြီးများကလည်း ဘောလုံးအပါအဝင် အားကစားလှုပ်ရှားမှုများကို အထူးအားပေးမြှောက်စားခဲ့ကြသည်။ ယခုလို ဒီဇင်ဘာလ၊ ဇန်နဝါရီလဆိုလျှင် ရပ်ကွက်ထဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်စည်းတိုးပြိုင်ပွဲ၊ အပြေး ပြိုင်ပွဲစသည်ဖြင့် အားကစားပြိုင်ပွဲမျိုးစုံကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလေ့ရှိသည်။

### ကွင်းလေးဖက်အပြည့်အလျှံအားပေး

ဘောလုံးပြိုင်ပွဲဆိုလျှင် ကျွန်တော်တို့ မူလတန်းအရွယ်ကလေးများအတွက် ၄ ပေ ၉ လက်မ၊ ၅ ပေ ၂ လက်မဘောလုံးပြိုင်ပွဲလေးများကို နှစ်စဉ်မပျက်မကွက် ကျင်းပပေးသည်။ မည်ကာမတ္တ တော်ရိလျော်ရိကျင်းပပေးခြင်းမျိုး မဟုတ်ပါ။ ဒိုင်လူကြီးဆိုလျှင် ရပ်ကွက်တွင်နေထိုင်သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးတစ်ဦးက ဖွင့်ပွဲနှင့် ဗိုလ်လုပွဲအပါအဝင် ပွဲကြီးပွဲကောင်းပွဲစဉ်များကို ကိုယ်တိုင်ပါဝင်ကြီးကြပ်ပေးခဲ့သလို အခြားသူများကိုလည်း ဒိုင်လူကြီးသင်တန်း ပို့ချပေးခဲ့ပါသည်။ လက်ရွေးစင်ဟောင်းကြီး အချို့ကမူ နီးစပ်ရာအသင်းများတွင် နည်းပြအဖြစ် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ သို့ဖြင့်ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိလှသလို ပရိသတ်မှာလည်း ကွင်းလေးဖက် လေးလံအပြည့်အလျှံကြိတ်ကြိတ်တိုးအားပေးလေ့ရှိကြသည်။

ကျွန်တော်တို့ ကလေးသူငယ်များအဖို့မှာလည်း ထိုပြိုင်ပွဲက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတမျှ အရေးပါလှသည်။ အုပ်စုပွဲစဉ်ကို ကျော်ဖြတ်နိုင်ပြီဆိုပါက ပျော်လို့မဆုံး၊ မော်လို့ မဆုံးနိုင်ဖြစ်ရသကဲ့သို့ အုပ်စုအဆင့်က ထွက်ရပြီဆိုပါကလည်း မျက်ရည်စက်လက် ဝမ်းနည်းပက်လက်ဖြစ်၍မဆုံး။ ထိုသို့ ရပ်မိရပ်ဖ ရပ်ကွက်လူကြီးများ၊ လက်ရွေးစင်ဟောင်းကြီးများ၊ ဘောလုံးအားကစားဝါသနာရှင်များ၏ မြေတောင်မြှောက်အားပေးမှုများကြောင့် ကျွန်တော်နှင့် ခေတ်ပြိုင်ကလေးငယ်များသည် ထွန်းထွန်းပေါက်ပေါက် မဖြစ်ခဲ့သည့်တိုင် အားကစားကို ချစ်မြတ်နိုးသည့်စိတ်က ဘဝတစ်လျှောက်လုံးတွင် ပန္နက်ရိုက်လိုက်သလို စွဲမြဲခိုင်မာသွားခဲ့ပါသည်။

ထိုမှအစပြု၍ ဘောလုံးမှဘောလုံး၊ နေပူမရှောင် မိုးရွာမရှောင်၊ နေ့နေ့ညည၊ အချိန်မရွေး နေရာမရွေး ဆယ်စုနှစ်ပေါင်းများစွာ ပျော်မဆုံးမော်မဆုံး ဘောလုံးကစား ဖြစ်ခဲ့ကြသည်။ ယခုအသက် ၅၀ ကျော်သည့်တိုင် ရံဖန်ရံခါငယ်သူငယ်ချင်းများ၊ ရပ်ကွက်အတွင်းရှိ လူငယ်များနှင့် ဖူဆယ်ကစားလို့ကောင်းဆဲပင်။

“ဦးလေးက ကစားနိုင်သေးတယ်နော်” ဟု လူငယ်အချို့ကဆိုပါလျှင် ကျွန်တော်သည် ငယ်စဉ်ကလေးဘဝကတည်းက အားကစားလိုက်စားလာစေရန် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခဲ့ကြပါသော တစ်ချိန်ကလူကြီးမိဘများကို အမှတ်တရတမ်းတမိပါသည်။ လူကြီးမိဘများ၏ ဦးဆောင်လမ်းပြမှုများကြောင့် ဘောလုံးကိုအပျော်တမ်းအဆင့်၊ ဝါသနာရှင်အဆင့်ဖြင့် ဆယ်စုနှစ်ပေါင်းများစွာကစားခဲ့ရာမှ ကျွန်တော့်တွင် ယခုအသက် ၅၀ ကျော် အရွယ်အထိ ဆီးချိုမရှိ၊ သွေးတိုးမရှိ၊ နှလုံး၊ အဆုတ်တို့နှင့်ပတ်သက်သည့် ရောဂါမရှိသေး။ အချို့ သက်တူရွယ်တူ အဝလွန်ဗိုက်ပူမိတ်ဆွေ သူငယ်ချင်းများကြားတွင်လည်း ပိန်ပိန်ပါးပါး၊ စိတ်သွားတိုင်း ကိုယ်ပါ လိုရာကို မမောမပန်းနိုင် သွားလာနိုင်ဆဲဖြစ်ရသည်။

### ဒဗလျူစိတ်ကြွဆေးဝါးများ လက်တည့်သုံးစွဲလာ

တစ်ချိန်က ရပ်မိရပ်ဖလူကြီးမိဘများ၏ ကျေးဇူးတရားများက ဤမျှမကပါ။ ၁၉၈၀ ကျော်ကာလ ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝတွင် အရက်၊ ဆေးခြောက်၊ ဖန်စီဒိုင်း၊ ကွန်မက်သာဇင်၊ ဒဗလျူစိတ်ကြွရူးသွပ်ဆေးဝါးများက လူငယ်များကြားတွင် ခေတ်စားလာသည်။ သူငယ်ချင်းအချို့အရက်၊ ဆေးခြောက်နှင့် ဒဗလျူစိတ်ကြွဆေးဝါးများကို လက်တည့်စမ်း မှိဝဲသုံးစွဲလာကြသည်။

အခြားသူများကိုလည်း သူတို့နည်းတူ စိတ်ပါလာအောင် ဆွဲဆောင်စည်းရုံးခဲ့ကြသည်။ အချို့လည်း သူတို့ ဆွဲဆောင်ရာနောက် ကောက်ကောက်ပါသွားပြီး လက်တည့်စမ်းသုံးစွဲကြရာမှ မသုံးရမနေနိုင်သည့် မူးယစ်ဆေးဝါး၏သားကောင်ဘဝသို့ ရောက်မှန်းမသိရောက်သွားရင်း ရောဂါပေါင်းစုံ စွဲကပ်ကာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးသွားခဲ့ရသည့် သူငယ်ချင်းအချို့လည်း ရှိခဲ့သည်။

ကျွန်တော်ကမူ ရပ်ကွက်ထဲက လူကြီးအချို့ခေါ်လေ့ရှိသည့် “ဘောရူး”ဟူသည့်အတိုင်း ကလေးဘဝကလည်း ကစားဖော်တွေရှိရှိ၊ မရှိရှိ ဘောလုံးတစ်လုံးနှင့် မိုးချုပ် နေဝင်သည်အထိ တစ်ယောက်တည်းဘောလုံးကို တော့လိုက်ကန်လိုက်၊ လေ့ကျင့်လိုက်နှင့်။ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝရောက်တော့လည်း မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်လက်ရွေးစင်အဖြစ် ရွေးချယ်ပါဝင်ခွင့်ရ၍ ညနေတိုင်း ထရိန်နင်ဆင်းလိုက်၊ ခြေစမ်းပွဲတွေကစားလိုက်နှင့် ဘောလုံးကစားဖို့သာ စိတ်ထဲရှိနေခဲ့၍ ရှောင်လေဝေးဝေး မူးယစ်ဆေးဟူသည့်ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ်ကျော့ကွင်းမှ လွတ်ကင်းခဲ့ပါသည်။

ယနေ့မျက်မှောက်ကာလတွင် မူးယစ်ဆေးဝါးအန္တရာယ်က မြန်မာအပါအဝင် ကမ္ဘာတစ်ခွင် ပို၍ကြီးမားလာသည်။ ခေတ်မီဓာတုဆေးဝါးများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးဝါးများက သုံးစွဲမိသူများကို မသုံးရမနေနိုင်အောင် စွဲလမ်းစေသကဲ့သို့ အသက်အန္တရာယ်ကိုလည်း အချိန်တိုအတွင်း ဆုံးရှုံးထိခိုက်စေပါသည်။

မိတ်ဆွေတစ်ဦး၏ သားတစ်ဦးဆိုပါလျှင် အပေါင်းအသင်းမှားပြီး စိတ်ကြွရူးသွပ်ဆေးစွဲသွား၍လူရုပ်ပင် မပေါက်တော့ဘဲ မျက်ကွင်းများညိုမည်းကာ လူမှာလည်း မေးရိုးငေါငေါနှင့် တဖြည်းဖြည်းလုံးပါး ပါးလာသည်။ မိဘများက အချိန်မီသိရှိလိုက်၍သာ မလွန်ခင်တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေပြီး ကျန်းမာကြံ့ခိုင်စေရန်အတွက် ငယ်စဉ်ကလေးဘဝကတည်းက အားကစားကို ဝါသနာပါပြီး လေ့လာလိုက်စားနိုင်စေရန် အားပေးကြရပါမည်။ ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရကလည်း တစ်မျိုးသားလုံး သက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး စသည့်လူမှုရေးဦးတည်ချက်များနှင့်အညီ လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ အထူးသဖြင့် အားကစားကဏ္ဍတွင် ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနေသကဲ့သို့ ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့် မြှောက်စားလျက်ရှိပါသည်။

ဘောလုံးပြိုင်ပွဲများကလည်း ကျွန်တော်တို့ငယ်စဉ်ကနှင့်မတူ ပြိုင်ပွဲတွေက မျိုးစုံလှပါသည်။ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲများ၊ ကျောင်းသားအားကစားပွဲတော်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ဝန်ကြီးဌာနပေါင်းစုံစသဖြင့် ထူးချွန်လျှင်ထူးချွန်သလို အဆင့်ဆင့်တက်လှမ်းနိုင်မည့် လှေကားထစ်များက အရန်သင့်။ မိဘများကလည်း မိမိရင်သွေးငယ်များ ငယ်စဉ်ကတည်းက အားကစားကို ဝါသနာပါပြီး လေ့လာလိုက်စား၊ ဆော့ကစားနိုင်စေရန် နည်းပေးလမ်းပြ ပြုစုပျိုးထောင်ပေးကြရန်လိုအပ်ပါသည်။ KG မူလတန်းကလေးငယ်များကို လက်ကိုင်ဖုန်းအစား ဘောလုံး၊ ဘက်တံ၊ ကြက်တောင်၊ ခြင်းလုံးစသည့် အားကစားပစ္စည်းများ၊ အားကစားဝတ်စုံ၊ ကင်းပတ်ဖိနပ် စသည့်အားကစားအသုံးအဆောင်ပစ္စည်းများ ဝယ်ပေးခြင်းဖြင့် ရင်သွေးငယ်များကို ငယ်စဉ်ကလေးဘဝကတည်းက အားကစားလှုပ်ရှားမှုများတွင် ဝါသနာပါလာစေရန် ပြုစုပျိုးထောင်ပေးကြရပါမည်။

### ဒဗလျူဘောလုံးလေးကိုအမှတ်ရလာ

ငယ်စဉ်က အဖေဝယ်ပေးခဲ့သော ၁၆ ကျပ် ပြား ၄၀ တန် ဒဗလျူဘောလုံးလေးကို ကျွန်တော်အမှတ်ရလာသည်။ ထိုဘောလုံးလေးက ကျွန်တော့်ဘဝကို ယခုတိုင် ကျန်းကျန်းမာမာ နေထိုင်ခွင့်ရအောင်၊ မူးယစ်ဆေးဝါးအန္တရာယ်မှ လွတ်ကင်းအောင်၊ အနိုင်မခံအရှုံးမပေးသော ဖွဲ့သတ္တိများ၊ အားကစားစိတ်ဓာတ်များ တိုးပွားစေအောင် လမ်းပြပေးခဲ့ပါသည်။

ယခု အသက် ၃၈ နှစ်အရွယ်တိုင် ဆော်ဒီကလပ် အယ်လ်အယ်လ်နက်ဆာအသင်းတွင် ခြေစွမ်းတွေပြပြီး ဂိုးတွေသွင်းယူနေဆဲ ခရစ္စတီယာနိုရိုနယ်ဒို (CR7) သည်ပင်လျှင် သားဖြစ်သူ ဂျူနီယာရိုနယ်ဒိုကို သူ့နည်းတူ ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်လာစေရန် ဖုန်းကိုင်ဆောင်သုံးစွဲခွင့်မပြုဘဲ လက်ရှိ ဂျူနီယာကလပ်အသင်းအဆင့်တွင် ဘောလုံးအားကစားတစ်ခုတည်းကိုသာ အချိန်ပြည့်အာရုံစိုက်ကစားနိုင်အောင် ပြုစုပျိုးထောင်ပေးထားသည် မဟုတ်ပါလား။ ။

> “ ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရကလည်း တစ်မျိုးသားလုံး သက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး စသည့်လူမှုရေးဦးတည်ချက်များနှင့်အညီ လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ အထူးသဖြင့် အားကစားကဏ္ဍတွင် ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးနေသကဲ့သို့ ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့် မြှောက်စားလျက်ရှိ ”

# အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး အလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်း ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်နှင့် ကော်မတီဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ က In person တက်ရောက်၍ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်း ကော်မတီများ၏ အတွင်းရေးမှူး များက Online ဖြင့် တက်ရောက် ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ခံရသော ကလေးအလုပ်သမား များ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်း ကော်မတီ အနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်း အဝေးများကို သုံးလပတ်အလိုက် ကျင်းပ ဆောင်ရွက်လျက်ရှိပြီး အမျိုးသားကော်မတီ၏ ပဥ္စမ အကြိမ် အစည်းအဝေးဆုံးဖြတ် ချက်များအပေါ် နှစ်ဝက်အစီရင်ခံ စာများ၊ လစဉ်အစီရင်ခံစာများ ပုံမှန်ပေးပို့ တင်ပြလျက်ရှိပါ ကြောင်း၊ မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်ရေး ပထမ ငါးနှစ်စီမံချက် (၂၀၁၉-၂၀၂၃) ခုနှစ်၏ အစီရင်ခံစာကိုလည်း တင်သွင်းပေးပို့ခဲ့ပြီး ဖြစ်ပါ ကြောင်း၊ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ၏ ကလေး လုပ်သားစစ်တမ်း (၂၀၂၂-၂၀၂၃) အစီရင်ခံစာအရ ကလေးလုပ်သား များ၏ လိုအပ်ချက်အပေါ်မူတည် ၍ ထောက်ပံ့မှုများနှင့် သက်ဆိုင် ရာသို့ လွှဲပြောင်းညွှန်းပို့ခြင်းများ ကို လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုနည်းလမ်း များနှင့်အညီ ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ပထမ ငါးနှစ်စီမံချက်၏ သုံးသပ်ချက် အစီရင်ခံစာများအပေါ် မူတည်၍ ကော်မတီဝင်များအနေဖြင့် ဒုတိယ ငါးနှစ်စီမံချက် (၂၀၂၄-၂၀၂၈) အတွက်လည်း ကြိုတင်ပြင်ဆင်မှု များ ဆောင်ရွက်ထားရှိရမည်ဖြစ် ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး အလုပ်သမားများ ဖယ်ရှားရေး နှင့် ပြန်လည်ကုစားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက် ချက်များကို တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာ သူများက လုပ်ငန်းဆောင်ရွက် ချက်များအပေါ် သုံးသပ်တင်ပြ၍ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်း ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပထမငါးနှစ်ကာလ အတွေ့အကြုံများအပေါ် မူတည်၍ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းရပ်များတွင် ကလေး လုပ်သားများအတွက် အကောင်း ဆုံး အကျိုးစီးပွားရရှိစေရေး ရည်မှန်းချက်ထား၍ ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ အဆိုးရွား ဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများရှိပါက လုပ်ငန်းစဉ်များနှင့်အညီ အတတ် နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရေးအတွက် အစီအစဉ်များ ကြိုတင်စီစဉ်ထား ရမည်ဖြစ်ပါကြောင်း၊ အမျိုးသား ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ ၏ ရည်မှန်းချက်များ ပြည့်မြောက် အောင်မြင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## အင်းတကော်မြို့ ငြိမ်းချမ်းရေးစေတီရွှေထီးတော်တင်လှူ

**အင်းတကော် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ရှိ မဟာဂုဏ်ကာ ရာမကျောင်းတိုက်ဝင်းအတွင်း၌ တည်ထားကိုးကွယ်ထားသည့် ရန်အောင်မြင်၊ ခတ်ပေါင်းစု၊ ငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

၁၃၈၅ ခုနှစ် နတ်တော်လပြည့်နေ့ နံနက် ၈ နာရီတွင် ရေစကြ်ချ တရားနာမင်္ဂလာကျင်းပရာ အောင်သိဒ္ဓိကျောင်းတိုက်ဆရာတော် ဦးဝိသိဋ္ဌက တရားရေအေးမြတ်တရားအား ဟောကြားသည်။ နံနက် ၉ နာရီတွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ပန်းရထားဖြင့် အဆင့်ဆင့်တင်လှူပူဇော်၍ ပင့်သံဃာအရှင်သူမြတ် အပါး ၈၀ အား အလှူရှင်များက ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ရွှေထီး တော်တင်လှူပွဲသို့ လာရောက်ဖူးမြော် လှူဒါန်းကြသူများအား စတုဒိသာ၊ အအေးများဖြင့် ဧည့်ခံကျွေးမွေးသည်။

အဆိုပါစေတီတော်သည် ဉာဏ်တော်အမြင့် ၂၇ တောင်ရှိပြီး ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များက လှူဒါန်းပူဇော်ကြခြင်းဖြစ်ကြောင်း သိရ သည်။

**ခွန်(ဝင်းပ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၀ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၀ ကျပ် | ၂၇၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကျေးရွာခုနှစ်ရွာ အကျိုးပြုမည့် ပဆင - မဲဇလီရွာဝင် ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာ ၃၀ အကျိုးပြုမည့် ပဆင - ကြခတ်ကုန်း - ကျောင်းစု - ကလလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာ နှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ပြည်ထောင်စု/ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ထက်ဝေသစ်ကုမ္ပဏီ က တာဝန်ယူဆောင်ရွက်နေသော ပဆင မှ မဲဇလီရွာဝင်(၀/၅ မိုင် x ၁၄' x ၁၄") ကျောက်ချောခင်း ခြင်းလုပ်ငန်းနှင့် Tun Tun Aye ကုမ္ပဏီက တာဝန်ယူဆောင်ရွက် နေသော ပဆငမှ ကြခတ်ကုန်း- ကျောင်းစု - ကလလမ်း (၀/၂.၆ မိုင်x၁၂"x၇") ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စစ်ဆေး ရေး အရာရှိချုပ် ဦးရဲခေါင်ထွန်း က ဒီဇင်ဘာ ၂၂ ရက်တွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

အဆိုပါ ကျေးရွာချင်းဆက် ပဆငမှမဲဇလီရွာဝင်ကျောက်ချော ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး ပါက မဲဇလီကျေးရွာ၊ အူကျွန်း ကျေးရွာ၊ ရေလိန်ကျေးရွာအပါ အဝင် ကျေးရွာ ခုနှစ်ရွာရှိ အိမ်ခြေ ၃၅၀မှ လူဦးရေ ၁၂၂၅ ဦးကို လည်းကောင်း၊ ပဆငမှ ကြခတ် ကုန်း - ကျောင်းစု - ကလလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကြခတ် ကုန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ကလကျေးရွာ၊ ကြဖြူကျေးရွာ အပါအဝင် ကျေးရွာ ၃၀ ရှိ အိမ်ခြေ ၁၅၀၀ မှ လူဦးရေ ၅၂၅၀ ကိုလည်း ကောင်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများစွာ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၁၀၀ | ၅၆၁၄၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၅၆၈ | ၁၅၉၁၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၃၂၀ | ၅၁၇၈၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၅၈၁ | ၁၁၃၄၅၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၅၁ | ၂၄၀၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၂၁၁ | ၃၆၄၂၅၀ |

ညီညီ - စုစည်းသည်

မြန်မာအလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အတွင်းရှိ နေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ရောက်ရှိလာပြီး လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ အဆိုပါရပ်ကွက်၏ မြောက်ဘက်သို့ ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မီးလောင်မှု ဖြစ်ပွားရာနေရာသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။



ဒီဇင်ဘာ ၂၆ ရက်နေ့ ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ နေအိမ်များ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

ယနေ့ ညနေ ၄ နာရီခန့်တွင်လည်း KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့သည် အဆိုပါ ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား ထပ်မံမီးရှို့ဖျက်ဆီးသွားခဲ့ရာ နေအိမ် လေးလုံးမီးလောင် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်တွင်လည်း ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ နေအိမ် ၁၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ယင်းသတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းရှိ နေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အိုးမဲ့အိမ်မဲ့ဖြစ်အောင် နေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများမှ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေးချေးငွေကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်းသဖြင့် လယ်သမားများ ထိတ်လန့်နေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေးချေးငွေများကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်းသဖြင့် လယ်သမားများ ထိတ်လန့်နေကြောင်း၊ ချေးငွေမဆပ်နိုင်တဲ့သူများကို တရားစွဲပြီး ဖမ်းဆီးအရေးယူခိုင်းနေကြောင်း မဟုတ်မမှန်သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ကုန်ကျမှုများ အထောက်အကူပြုနိုင်ရန်အတွက် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထိုသို့ ထုတ်ချေးပေးရာတွင် ယခင်နှစ်ကြွေးကျန်ကျေပြီးမှသာ ချေးငွေအသစ်ထုတ်ချေးသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များ အနေဖြင့် ကြွေးကျန်ချေးငွေများ ကောက်ခံရာတွင်လည်း စည်းရုံးကောက်ခံသည့်နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် တောင်သူများကိုလည်း အမှုဖွင့်အရေးယူထားခြင်း မရှိကြောင်း၊ ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များ ပေးဆပ်ပြီးသည့် တောင်သူများကိုလည်း ချေးငွေသစ်များ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဒေသခံတောင်သူလယ်သမားများ ကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီး ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိုးဘိုထောင်က နိုင်ကျဉ်းအမျိုးသမီးများကို ကျန်းမာရေးထိခိုက်သည်အထိ နှိပ်စက်ခံရပြီး ဆေးကုခွင့်လည်းမရဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေး အိုးဘိုထောင်တွင် နိုင်ငံရေးအမှုနှင့် ထောင်ကျနေသည့် အမျိုးသမီးများကို မနက်အစောပိုင်းတွင် ရေချိုးခိုင်းပြီး လေသာဆောင်တွင် ထဘီရင်လျားနှင့် ပုံစံထိုင်ခိုင်းခြင်းများ ပြုလုပ်မှုကြောင့် အမျိုးသမီး လေးပုံ သုံးပုံခန့် နာမကျန်းဖြစ်ပြီး ဆေးကုသခွင့်လည်းမရဟု လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

